မြန် မာ နိုင် ငံ စာ ကြည့် တိုက် အ သင်း

# သတင်းလွှာ

အမှတ် (၃၈) တပို့တွဲလ ၁၃၈၄

## မာတိကာ

၁၈ ကြိမ်မြောက် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများ ညီလာခံ ၁
မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ အထွေထွေညီလာခံနှင့် အလုပ်အမှုဆောင်အဖွဲ့ ၅
ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ၏ ဦးဆောင်မှုကဏ္ဍနှင့် ပိုမိုခိုင်မြဲသည့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး — ဒေါ်စန္ဒြာချစ်ဖို ၆
မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းက ဖွင့်လှစ်သင်ကြားခဲ့သည့် သင်တန်းများ (၂၀၂၂) ၄
အက်ဖ်အာဘီအာ တွေးဆချက်စံပြုပုံစံ — ဦးသိန်းရွှေ ၉
ရတနာကျွန်းသို့ — ကြည်ဇော်သိန်း ၁၃
စာကြည့်တိုက် — ကန့်ဘလူဖြူစင်ဝင်း ၁၃
အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက်အသင်းများ အဖွဲ့ချုပ်၏ အာရှနှင့် ကျွန်းစုများဆိုင်ရာ ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲ — မြတ်စန်းငြိမ်း ၁၄
အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံ၏ ထူးချွန်စာကြည့်တိုက်မှူးဆု ၁၆
အရှေ့တောင်အာရှ၏ ငွေကြယ်တစ်ပွင့် — စိုးစိုးလင်း ၁၇
"Silver! That she is!" - Soe Soe Lin ၁၇
စာကြည့်တိုက်များတွင် ထိရောက်သောဝန်ဆောင်မှုပေးသူ — ဖြူ(စာ/သု–မန်း) — မွေး/ဆေးတက္ကသိုလ် ၁၈
စာကြည့်တိုက်သမား၏ ချစ်ခြင်း — တိုးကိုကိုဝင်း ၂၀
ကျေးလက်စာကြည့်တိုက်တစ်ခု မွေးဖွားဖူးခြင်း — မောင်နေပူ(တောင်ကုတ်) ၂၁
စာဖတ်သူများနှင့် ကခုန်ခြင်း — တိုးကိုကိုဝင်း ၂၄
My Life in Librarianship - U Nyan Htun ၂၇
Three Beautiful Words - TH Aung ၂၈
ဝမ်းနည်းကြေကွဲခြင်း ၃၁
ဦးသိန်းရွှေ ၃၂

# ၁၈ ကြိမ်မြောက် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများ ညီလာခံ

## 18th Congress of Southeast Asian Librarians (CONSAL)




အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများအသင်းကို ***(Southeast Asian Librarians Association)*** ၁၉၇၀ ပြည့်နှစ်တွင် စင်္ကာပူနှင့် မလေးရှားနိုင်ငံ စာကြည့်တိုက် အသင်းများ ပူးပေါင်း၍ စင်္ကာပူတွင် စတင်တည်ထောင် ဖွဲ့စည်းခဲ့ပါသည်။ အရှေ့တောင်အာရှစာကြည့်တိုက်မှူးများ ညီလာခံကို ***(The Congress of Southeast Asian Librarians)*** ညီလာခံကို ***CONSAL*** ဟု အတိုကောက် ခေါ်ဆိုကြပါသည်။

အရှေ့တောင် အာရှနိုင်ငံများရှိ စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာကြည့်တိုက်နှင့် သုတပညာ၊ သတင်းအချက်အလက်ပညာ၊ ယင်းတို့နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ရည်ရွယ်၍ ဒေသတွင်း အဖွဲ့အစည်း အဖြစ်တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ စာကြည့်တိုက်အသင်းများနှင့် စာကြည့်တိုက်မှူးများ ပါဝင်သော အဖွဲ့ဝင် ၁၀ ဦး ရှိပြီး အရှေ့တီမောနိုင်ငံက လေ့လာသူအဖြစ် ပါဝင်ပါသည်။

***CONSAL*** အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံစီမှ ကိုယ်စားလှယ် သုံးဦးပါဝင်ပြီး ***CONSAL*** ၏ ရည်မှန်းချက်များကို အောင်မြင်စေရန် တာဝန်ယူ ဆောင်ရွက်ကြပါသည်။ အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းစဉ်များတွင် အမှုဆောင် အဖွဲ့ထံ တင်ပြထားသော အကြံပြုချက်များနှင့် ဆုံးဖြတ်ချက်များကို ဦးစားပေး ဆောင်ရွက်ခြင်း၊ ***CONSAL*** ၏ မှတ်တမ်းများကို ထိန်းသိမ်းခြင်း၊ ***CONSAL*** မှ ဆောင်ရွက်သည့် အစီအစဉ်များ၊ စီမံကိန်းများ သို့မဟုတ် လုပ်ဆောင်ချက်များကို

# အယ်ဒီတာ့စကား

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း သတင်းလွှာကို ယခင်က တစ်နှစ်တစ်ကြိမ် ပုံမှန်ထုတ်ဝေခဲ့သော်လည်း၊ ၂၀၂၀ မှစ၍ ၂၀၂၂ ထိ ထုတ်ဝေနိုင်ခြင်း မရှိခဲ့ပါ။ ယခုအခါ ၂၄ ကြိမ်မြောက် သက်ကြီးဝါကြီး စာကြည့်တိုက်ပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ဂုဏ်ပြု၍ အမှတ် ၃၈ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း သတင်းလွှာကို ထုတ်ဝေပါသည်။

စာမူစိစစ်ရွေးချယ်ရေးမူဝါဒအရ အယ်ဒီတာအဖွဲ့က လက်ခံရရှိသောစာမူများကို စိစစ်ရွေးချယ်ပါသည်။ ပညာရပ် သတင်းလွှာဖြစ်သည့်အားလျော်စွာ အခန်းဆက် ဆောင်းပါးများ၊ စာမူဟောင်းများနှင့် ဝတ္ထုများကို မရွေးချယ်ပါ။ စာမူများပြားပါက ရေးသားသည့် စာမူ၏ အနှစ်သာရနှင့် အကျိုးသက်ရောက်မှုကို ဦးစားပေးရွေးချယ်ပါသည်။ မရွေးချယ်သည့် စာမူများအား သီးခြားအကြောင်းမပြန်နိုင်သည်ကို နားလည်ခွင့်လွှတ်စေလိုပါသည်။

စာမူပေးပို့လိုသူများအနေဖြင့် အယ်ဒီတာအဖွဲ့ဝင်များထံသို့ဖြစ်စေ၊ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းသို့ဖြစ်စေ အီးမေးလ်ဖြင့် ပေးပို့နိုင်ပါသည်။ လက်ရေးဖြင့် ရေးသားသူများ အနေဖြင့် စာကြည့်တိုက်မှူး၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်သို့ ပေးပို့နိုင်ပါသည်။


အယ်ဒီတာအဖွဲ့

ဒေါ်ခင်နှင်းဦး ***(khinhninoo123@gmail.com)***

ဒေါ်နီနီစိန် ***(niniseinlib@gmail.com)***

ဒေါ်ဆုမြတ်မွန် ***(hsumyatmon785@gmail.com)***



**အယ်ဒီတာအဖွဲ့**

ဒေါ်ခင်နှင်းဦး၊ ဒေါ်နီနီစိန်၊ ဒေါ်ဆုမြတ်မွန်

**ပုံနှိပ်သူ**

ဆုပြည့်စုံထွန်းစာပေ၊ ဒေါ်ခင်မာရွှေ (၀၀၂၅၆)

အမှတ်-၅၀၈/၅၁၂ (၂ခ) ပထမထပ်၊ ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၁ ၈၃၈၃၆၆၄၊ ၈၃၆၈၃၃ မှ

မေတ္တာဖြင့် ပုံပိုးကူညီသည်။

**ဖြန့်ချိရေး**

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း

**စောင်ရေ ၅၀၀**

အသင်းသားများအတွက် ကန့်သတ်ထုတ်ဝေပေးပါသည်။


ပြန်လည်သုံးသပ်ခြင်းများ၊ အထွေထွေညီလာခံကို ကျင်းပ လုပ်ဆောင်ခြင်းကဲ့သို့သော လုပ်ငန်းတာဝန်များ ပါဝင်ပါသည်။ အဖွဲ့ဝင်နိုင်ငံများက ၃ နှစ်တစ်ကြိမ် အိမ်ရှင်အဖြစ် အလှည့်ကျ တာဝန်ယူလျက် အထွေထွေညီလာခံကို လက်ခံကျင်းပပေးကြပါသည်။

ပထမဆုံး အရှေ့တောင်အာရှနိုင်ငံ စာကြည့်တိုက်မှူးများ ညီလာခံကို ၁၉၇၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှ ၁၆ ရက်နေ့အထိ စင်္ကာပူနိုင်ငံတွင် ကျင်းပခဲ့ပြီး ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ စာကြည့်တိုက်ပညာရှင်များမှ ကိုယ်စားလှယ် ၈ ဦးက ***CONSAL*** ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုခဲ့သည်။ ဤကဲ့သို့ ပထမအကြိမ် ညီလာခံကို ၁၉၇၀ ပြည့်နှစ်မှ စတင်လာခဲ့ရာ ယခု (၁၈) ကြိမ်မြောက် ညီလာခံကို ရောက်ရှိလာပြီဖြစ်သည်။

(၁၇) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံ စာကြည့်တိုက်မှူးများ ညီလာခံကို အမျိုးသားစာကြည့်တိုက်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းတို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ်၊ မေလ (၂) ရက်နေ့မှ (၅) ရက်နေ့အထိ နေပြည်တော်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဦးဆုံးအကြိမ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

၁၈ ကြိမ်မြောက် ***Congress of Southeast Asian Librarians (CONSAL) XVIII*** ကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၉ မှ ၃၀ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်ပင်မြို့တွင် ***Zoom*** မှတစ်ဆင့် ***Online*** ဖြင့် အောင်မြင်စွာ ကျင်းပခဲ့ပါသည်။

***CONSAL XVIII*** ကို ***"Libraries United: Rising to the Challenge"*** အဓိကခေါင်းစဉ်အောက်တွင် အောက်ပါခေါင်းစဉ်ခွဲတို့ဖြင့် ကျင်းပခဲ့သည်။

***1) International challenges***

- ***a. Projects that cross borders e.g. ASEAN Digital Library***
- ***b. Areas that need international co-operations e.g. Library Map of the World***

***2) Digital challenges***

- ***a. Physical – online to offline and vice versa***
- ***b. Library as digital equalizer and guide to the population on digitalization***
- ***c. Other digital opportunities e.g. content discovery, content organization, library experiences and archiving***

*3) Social challenges*

- *a. Social inclusion (rural/suburban/urban; rich/poor)*
- *b. Community building*

*4). People Challenges*

- *a. Mental well-being of staff*
- *b. Addressing training and development gaps; competencies*
- *c. Change management*

*5). Heritage challenges*

- *a. Documenting and archiving the pandemic*
- *b. Preservation and Safeguarding of heritage*
- *c. ASEAN cultural heritage conservation and access*

## ၁၈ ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံအခမ်းအနားအစီအစဉ်

**နိုဝင်ဘာလ ၂၉ ရက်**

**မနက် ၇း၀၀ မှ ၁၂း၀၀ နာရီ – *CONSAL XVIII* တတိယအကြိမ် အမှုဆောင်အဖွဲ့အစည်းအဝေး**

ယင်းအမှုဆောင်အဖွဲ့ အစည်းအဝေးကို အာဆီယံနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများမှ ကိုယ်စားလှယ်များ စုစုပေါင်း (၃၃) ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးကို ***CONSAL XVIII*** ကျင်းပရေးကော်မတီဥက္ကဋ္ဌ ***Mr. Hok Sothik*** က အဖွင့်အမှာစကား ပြောကြားပြီး ***CONSAL XVIII*** ညီလာခံကျင်းပရေး အထွေထွေပြင်ဆင်မှုအစီရင်ခံစာ၊ ***CONSAL*** ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ဆောင်ချက်များ၊ ***CONSAL Website*** နှင့် ***Facebook***၊ ***CONSAL Document Repository***၊ အာဆီယံဒေသတွင်းရှိ စာကြည့်တိုက်ပညာရေးတို့၏ အစီရင်ခံစာများ၊ ***CONSAL*** ဖွဲ့စည်းပုံအခြေခံဥပဒေ သုံးသပ်ချက်၊ နိုင်ငံအလိုက် စာကြည့်တိုက်များ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီရင်ခံစာများ၊ (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံ အိမ်ရှင်အဖြစ် လက်ခံကျင်းပမှုများကို ဆွေးနွေးကြပါသည်။

***CONSAL*** အမှုဆောင်အဖွဲ့တွင် ကိုယ်စားလှယ်များအဖြစ် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း ဥက္ကဋ္ဌ ဒေါ်အဝင်း၊ အထွေထွေအတွင်းရေးမှူး ဒေါ်စန္ဒာချစ်ဖို့နှင့် ဒေါက်တာကေသီအေး၊ ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံ အမျိုးသားစာကြည့်တိုက်တို့က ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

**မွန်းလွဲ ၁း၀၀ နာရီ – (၁၈) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံ ဖွင့်ပွဲအခမ်းအနား**

- အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ***Mr. Hok Sothik*** က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း
- ယဉ်ကျေးမှုနှင့်အနုပညာဝန်ကြီး ***H.E.*** ဒေါက်တာ ***Phoeurng Sackona*** က အဖွင့်မိန့်ခွန်း ပြောကြားခြင်း

**မွန်းလွဲ ၁း၃၀ – ၅း၀၀ နာရီ စာတမ်းများ ဖတ်ကြားခြင်း**

ညီလာခံတွင် ပါဝင်သည့် စာတမ်းဖတ်ပွဲ အစီအစဉ်အတွက် ရွေးချယ်ထားသော စာတမ်းအစောင် ၁၄ ခုကို ***Parallel Session*** များ ခွဲပြီး စာတမ်းဖတ်ပွဲများကို ကျင်းပခဲ့ကြပါသည်။

**နိုဝင်ဘာလ ၃၀ ရက်**

**မနက် ၇း၀၀ မှ မွန်းလွဲ ၁၂း၁၅ နာရီ စာတမ်းများ ဖတ်ကြားခြင်း**

ရွေးချယ်ထားသော စာတမ်းအစောင် ၂၂ ခုကို ***Parallel Session*** များ ခွဲပြီး စာတမ်းဖတ်ပွဲများကို ဆက်လက် ကျင်းပခဲ့ကြပါသည်။

***Parallel Session*** များတွင် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း ဒု–ဥက္ကဋ္ဌ (၁) ဒေါ်မြတ်စန်းငြိမ်းနှင့် ဒု–ဥက္ကဋ္ဌ (၂) ဒေါက်တာခင်လေးစိုးတို့က ***Facilatator*** များအဖြစ် ပါဝင် ကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။

**မွန်းလွဲ ၁း၀၀ – ၂း၃၀ နာရီ – *Plenary Session***

- ***"From reacting to acting: changing how we think about ourselves as we emerge from COVID-19" by Mr. Stephen Wyber, Director, Policy and Advocacy, IFLA***
- ***"Memory of the World in Southeast Asia" by HE Dr. Helen Jarvis, Adviser, Royal Government of Cambodia, and Chair of the Register Sub-Committee of the Memory of the World Committee for Asia and the Pacific (MOW-CAP).*** ခေါင်းစဉ်တို့ဖြင့် တင်ပြဟောကြားဆွေးနွေးခဲ့ပါသည်။

**မွန်းလွဲ ၂း၃၀ – ၄း၀၀ နာရီ ညီလာခံ ပိတ်ပွဲအခမ်းအနား**

- ***CONSAL XVIII*** ထူးချွန်သော စာကြည့်တိုက်မှူးများကို ဂုဏ်ပြုခြင်း

***CONSAL XVIII Outstanding Librarian Award*** ရွှေတံဆိပ်ရရှိသူနှင့် ငွေတံဆိပ်ရရှိသူများ စာရင်းကို ကြေညာပါသည်။ ***CONSAL XVIII Outstanding Librarian Award*** ရွှေတံဆိပ်ဆုကို မလေးရှားနိုင်ငံနှင့် ငွေတံဆိပ်ရရှိသူများဖြစ်သည့် မြန်မာ၊ ထိုင်းနိုင်ငံများမှ စာကြည့်တိုက်မှူးများကို ဆုများအသီးသီး ချီးမြှင့်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်မြတ်စန်းငြိမ်းက ငွေတံဆိပ်ဆုကို ရွေးချယ်ခြင်း ခံရခဲ့ပါသည်။

- အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံ အလံနှင့် ရန်ပုံငွေလွှဲအပ်ခြင်း

အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံ ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများက (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မလေးရှားနိုင်ငံအား ***CONSAL*** ညီလာခံအလံနှင့် ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

- (၁၈) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံ ပိတ်ပွဲအခမ်းအနားကို ကမ္ဘောဒီးယားအမျိုးသားစာကြည့်တိုက်ညွှန်ကြားရေးမှူး***Ms. Khlot Vibolla*** က နိဂုံးချုပ် အမှာစကားပြောကြား၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံသည် အရှေ့တောင်အာရှဒေသတွင်းရှိ စာကြည့်တိုက်မှူးများအတွက် စာကြည့်တိုက်ပညာရပ်နယ်ပယ် ဖွံ့ဖြိုးတိုးတက်လာပြီး စာကြည့်တိုက်များသည် သုတ၊ ရသပညာရပ်များနှင့် သတင်းအချက်အလက်များကို ဖြန့်ဖြူးမျှဝေပေးသည့် နေရာဖြစ်လာရန် စာကြည့်တိုက်မှူးများ တွေ့ကြုံနေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အတွေ့အကြုံများ၊ ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ဖလှယ်ဆွေးနွေးနိုင်သည့် အဓိကကျသော ညီလာခံတစ်ခု ဖြစ်ပါသည်။ တိုးတက်လာသော ဒစ်ဂျစ်တယ်အခွင့်အလမ်းများကို အသုံးပြု၍ ဒေသတွင်းရှိ စာကြည့်တိုက်များအချင်းချင်း ချိတ်ဆက်၍ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ရေး၊ စာကြည့်တိုက်နှင့် သုတပညာ၊ သတင်းအချက်အလက်ပညာ လေ့ကျင့်ရေးနှင့် ပညာရေး အကျိုးကျေးဇူးတို့ကို မဟာဗျူဟာမြောက်သည့် စီမံကိန်းများဖြင့် ရယူရန်အတွက် ဦးဆောင်အင်အားစုအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းကောင်း ဝေမျှပေးအပ်ပါသည်။

## မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းက ဖွင့်လှစ်ပို့ချခဲ့သည့် သင်တန်းများ (၂၀၂၂)

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းသည် ၂၀၂၂ ခုနှစ်အတွင်းတွင် အခြေခံစာကြည့်တိုက်ပညာ တစ်လသင်တန်း (၂)ကြိမ်၊ အလယ်အလတ်အဆင့် စာကြည့်တိုက်ပညာ တစ်လသင်တန်း (၁) ကြိမ် ***Online*** မှ ***Zoom*** ပလက်ဖောင်းကို အသုံးပြု၍ ဖွင့်လှစ်ပို့ချနိုင်ခဲ့ပါသည်။ စာကြည့်တိုက်ပညာအခြေခံသင်တန်းအမှတ်စဉ် ၁ ကို ၂၅ ဇူလိုင်မှ ၂၄ ဩဂုတ်ထိလည်းကောင်း၊ သင်တန်းအမှတ်စဉ် ၂ ကို ၅ စက်တင်ဘာ မှ ၅ အောက်တိုဘာထိလည်းကောင်း အွန်လိုင်းသင်တန်းများအဖြစ် ၂ကြိမ်ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။ အခြေခံစာကြည့်တိုက်ပညာသင်တန်းတွင် ၂ ပိုင်းခွဲ၍ ပို့ချပေးခဲ့ပါသည်။ အခြေခံစာကြည့်တိုက်ပညာနှင့် ***Technical Work*** တို့ ဖြစ်ပါသည်။

အလယ်အလတ်အဆင့်တွင် စာကြည့်တိုက်ပညာ၊ နည်းပညာပိုင်းနှင့် သတင်းအချက်အလက် တတ်မြောက်ရေး (သုတပညာကျွမ်းကျင်မှု) တို့ကို ပို့ချပေးပါသည်။ အလယ်အလတ်အဆင့် စာကြည့်တိုက်ပညာသင်တန်း ***(Intermediate Level)*** အမှတ်စဉ် ၁ ကို ၃၀.၁၀.၂၀၂၂ – ၂၉.၁၁.၂၀၂၂ ထိ သင်ကြားပို့ချပေးခဲ့ပါသည်။

သင်တန်းနှစ်ခုစလုံး၏ ဒီဇိုင်းပုံစံသည် စာကြည့်တိုက်နှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများမှအစ စာကြည့်တိုက်တစ်ခု တည်ထောင်ရာတွင် လိုအပ်သော ခေတ်နှင့် ဆီလျော်သည့် ပညာရပ်များဖြင့် ပံ့ပိုးနိုင်ရန် စီစဉ်ထားခြင်း ဖြစ်ပါသည်။ စာကြည့်တိုက်ဆိုင်ရာ ခေါင်းဆောင်မှုပုံစံများ၊ စာကြည့်တိုက်စီမံခန့်ခွဲမှုနှင့် အစီအစဉ်များ၊ စာကြည့်တိုက်ဆိုင်ရာ ဝန်ဆောင်မှုများကို မြှင့်တင်ခြင်း၊ စာကြည့်တိုက်ဒီဇိုင်း၊ ဆန်းသစ်တီထွင်သော စာကြည့်တိုက်မှူးများနှင့် အစီစဉ်ရေးဆွဲတတ်သူများ၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်သွယ်ရေးပညာများနှင့် ***Book Club*** စီစဉ်ပုံများ စသည့် သင်ခန်းစာများ ပါဝင်ပါသည်။

စာကြည့်တိုက်လုပ်ငန်း လုပ်ကိုင်နေသူများ၊ ဘုန်းကြီးကျောင်းစာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ပညာ စိတ်ဝင်စားသူများ၊ စာပေဝါသနာပါသူများ၊ ကျောင်းဆရာ/ဆရာမများ၊ ကျောင်းအုပ်ကြီးများ၊ တက္ကသိုလ်စာကြည့်တိုက် အရာထမ်း/အမှုထမ်းများ၊ သီလရှင်ကောလိပ်မှ ပါမောက္ခများနှင့် ကျေးရွာစာကြည့်တိုက်မှူးများ တက်ရောက်ခဲ့ကြပါသည်။

ထို့အပြင် ရပ်ရွာအခြေပြု စာကြည့်တိုက်မှူးများနှင့် တွေ့ဆုံဆွေးနွေးခြင်းအစီအစဉ်၊ ***Online*** စာကြည့်တိုက် လေ့လာရေးအစီအစဉ် ***(British Council)*** တို့ကိုလည်း ထည့်သွင်းစီစဉ်ပေးခဲ့ပါသည်။

# မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ အထွေထွေညီလာခံနှင့် အလုပ်အမှုဆောင်အဖွဲ့

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ အထွေထွေညီလာခံကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်၊ စိန်ရတုခန်းမ၌ အောင်မြင်စွာကျင်းပခဲ့ပြီး ဆဋ္ဌမအကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ကို ၂၀၁၈–၂၀၂၂ ခုနှစ်သက်တမ်းအတွက် ဖွဲ့စည်းခဲ့ပါသည်။ ဆဋ္ဌမ လေးနှစ်သက်တမ်းအတွက် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရာတွင် ပိုမိုများပြား ကျယ်ဝန်းလာသည့် ရည်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ရေတိုရေရှည် စီမံကိန်းများကို ပိုမိုအကောင်အထည်ဖော် လုပ်ဆောင်နိုင်စေရန် ရည်ရွယ်၍ အမှုဆောင်အဖွဲ့ဝင်များကို ၂၃ ဦးမှ ၂၅ ဦးအထိ တိုးမြှင့်ဖွဲ့စည်းခဲ့ပါသည်။

ဆဋ္ဌမလေးနှစ်သက်တမ်း မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ အလုပ်အမှုဆောင်အဖွဲ့သည် ***COVID-19*** ကူးစက်ရောဂါကာလနှင့် မတည်ငြိမ်သော နိုင်ငံရေးအခြေအနေများ၏ စိန်ခေါ်မှုများကြားတွင် အသင်း၏ ရည်ရွယ်ချက်များ အောင်မြင်စေရန် ***Zoom*** ကို အသုံးပြုပြီး ***Online*** ဖြင့် အောက်ပါဆောင်ရွက်ချက်များကို လုပ်ဆောင်ခဲ့ပါသည်။

**• ပုံမှန်အစည်းအဝေးများကျင်းပခြင်း၊ • စာကြည့်တိုက်ဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေး သင်တန်းများ၊ • ရေးသားထုတ်ဝေမှုများ၊ • စာကြည့်တိုက်စီမံကိန်းများ၊ • အစိုးရဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ • ပြည်တွင်းနှင့် နိုင်ငံတကာရှိ စာကြည့်တိုက်နှင့် အခြားအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ**

အသင်း၏ အလုပ်အမှုဆောင်အဖွဲ့အနေဖြင့် အလုပ်အမှုဆောင် အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဒေါက်တာဏီဝင်းဇော်သည် ၂၀၂၁ ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်သည့်အတွက် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ ဆုံးရှုံးမှုတစ်ခု ဖြစ်ခဲ့ပါသည်။ အလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်သော ဒေါက်တာ စန္ဒာဦး၊ ဒေါက်တာခင်လေးစိုး၊ ဒေါက်တာထွန်းအောင်ကျော်၊ ဒေါက်တာစောမြကြည်သာ၊ ဒေါက်တာနီနီနိုင်၊ ဒေါ်ရီရီထွေးတို့က အမှုဆောင်အဖွဲ့ဝင်အဖြစ်က ကျန်းမာရေးအခြေအနေကြောင့်လည်းကောင်း၊ မိမိဆန္ဒအရသော်လည်းကောင်း ၂၀၂၁ ခုနှစ်တွင် နုတ်ထွက်ခွင့်တောင်းခံခဲ့ပါသည်။ နုတ်ထွက်ခွင့် တောင်းခံသူများအား အသင်း၏ နာယကများနှင့် အလုပ်အမှုဆောင်များက အသင်း၏ လုပ်ငန်းစီမံကိန်းများကို ဆက်လက် ဦးဆောင်လုပ်ကိုင်ရန် မေတ္တာရပ်ခံချက်ကို လေးစားသောအားဖြင့် ဒေါက်တာခင်လေးစိုးနှင့် ဒေါက်တာထွန်းအောင်ကျော်တို့က ၂၀၂၂ ခုနှစ်တွင် နုတ်ထွက်စာကို ပြန်လည်ရုပ်သိမ်းခဲ့ပါသည်။ ၂၈ ရက် အောက်တိုဘာလ ၂၀၂၂ ခုနှစ် မွန်းလွဲ ၁း၃၀ နာရီတွင် ကျင်းပသည့် အသင်းအလုပ်အမှုဆောင် အဖွဲ့အစည်းအဝေးတွင် နုတ်ထွက်ခွင့် တောင်းခံထားသူများကို နုတ်ထွက်ခွင့်ပြုခဲ့ပါသည်။ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ စာကြည့်တိုက်များနှင့် စာကြည့်တိုက်ပညာ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ အသင်းအတွက် အားသွန်ခွန်စိုက် တာဝန်ယူ ဆောင်ရွက်ပေးခြင်းများအတွက် အသင်းက အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။ ကွယ်လွန်သွားသော အသင်းအမှုဆောင်အဖွဲ့ဝင်နှင့်တကွ နုတ်ထွက်သွားသော အသင်းအမှုဆောင် အဖွဲ့ဝင် ၄ ဦး၊ စုစုပေါင်း အသင်းအမှုဆောင်အဖွဲ့ဝင် ၅ ဦး နေရာများကို အသင်း၏ဖွဲ့စည်းပုံစည်းမျဉ်းအရ အသင်း၏ အထွေထွေညီလာခံမတိုင်မီ ရွေးချယ်တင်မြှောက်နိုင်ခြင်း မရှိပါ။

ဆဋ္ဌမအကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့သည် ၂၀၁၈–၂၀၂၂ ခုနှစ် သက်တမ်းအတွက် ရွေးချယ်ဖွဲ့စည်းခဲ့ပါ၍ ၂၀၂၂ ခုနှစ် နှစ်ဆုံးပိုင်းတွင် ၂၀၂၃–၂၀၂၇ ခုနှစ်အတွက် သတ္တမအကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည်ရွေးချယ်ရမည်ဖြစ်ပါသည်။ အသင်း၏ဖွဲ့စည်းပုံ စည်းမျဉ်းအရ အလုပ်အမှုဆောင်အဖွဲ့၏ သက်တမ်းသည် သာမန်အားဖြင့် (၄) နှစ် ဖြစ်သည်။ ညီလာခံတစ်ကြိမ်မှ နောက်တစ်ကြိမ်အထိ ဖြစ်ပါသည်။ အသင်း၏အထွေထွေညီလာခံကို ***COVID-19*** ကပ်ရောဂါနှင့် ဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေကြောင့် အလုပ်အမှုဆောင်အဖွဲ့၏ ၂၈ ရက် အောက်တိုဘာလ ၂၀၂၂ ခုနှစ် မွန်းလွဲ ၁း၃၀ တွင် ကျင်းပသည့် အစည်းအဝေးတွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလအထိ ထပ်မံရွှေ့ဆိုင်းလိုက်ကြောင်း၊ သတ္တမအကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ကို ယင်းအသင်း၏ အထွေထွေညီလာခံတွင် ပြန်လည်ရွေးချယ်မည်ဖြစ်ကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ကြပါသည်ကို တင်ပြပါသည်။

၂၇ စက်တင်ဘာလ ၂၀၁၈ ခုနှစ်တွင် ကျင်းပခဲ့သော အသင်း၏အထွေထွေညီလာခံတွင် ပြင်ဆင်ခဲ့သည့် အသင်း၏ဖွဲ့စည်းပုံစည်းမျဉ်းကို အသင်းရည်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် စီမံကိန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် လုပ်ဆောင်နိုင်စေရန် ရည်ရွယ်၍ အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ခြင်း အကြောင်းအရာ အပါအဝင် အချို့စည်းမျဉ်းများကို ပြင်ဆင်ပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် အသင်း၏ အထွေထွေညီလာခံတွင် တင်ပြအတည်ပြုသွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အသင်း၏ ဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်ရေးသားရန် အသင်းသားများအနေဖြင့် အကြံပြုပါဝင် ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပါသည်။

အသင်း၏ဖွဲ့စည်းပုံစည်းမျဉ်းကို မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ ***Facebook*** စာမျက်နှာတွင်လည်းကောင်း၊ ***web-site*** တွင်လည်းကောင်း ဖော်ပြထားပါမည်။ အသင်း၏ဖွဲ့စည်းပုံ စည်းမျဉ်းကို ပြင်ဆင်ရန် အကြံပြုချက်များကို မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ ***Facebook*** စာမျက်နှာတွင်လည်းကောင်း၊ ***email: myanmarlibraryassociation.mla@gmail.com*** သို့ ရေးသားပေးပို့နိုင်ပါသည်။

**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း အလုပ်အမှုဆောင်အဖွဲ့**

# ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ၏ ဦးဆောင်မှုကဏ္ဍနှင့် ပိုမိုခိုင်မြဲသည့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး

## (2nd Southeast Asian Librarians Leadership Convergence: Towards Mutual Recognition)

ဒေါ်စန္ဒြာချစ်ဖို့



အာဆီယံနိုင်ငံများအကြား ညှိနှိုင်းဆောင်ရွက်မှု ***(Arrangement among ASEAN Countries)*** ခေါင်းစဉ်ဖြင့် အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဒီဇင်ဘာ ၁၃–၁၅, ၂၀၂၂ က ကျင်းပခဲ့ပါသည်။ ဤအစည်းအဝေးကို ***Professional Regulation Commission (PRC), Professional Regulatory Board for Librarians (PRBL), Philippine Librarians Association, Inc (PLA)*** တို့က ပူးပေါင်းလုပ်ဆောင်ခြင်း ဖြစ်ပါသည်။ ယင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းကိုယ်စား အသင်း၏ အထွေထွေအတွင်းရေးမှူး (၁) ကျွန်မ ဒေါ်စန္ဒြာချစ်ဖို့ တက်ရောက်ခဲ့ပါသည်။

ဒီဇင်ဘာလ (၉) ရက်နေ့တွင် အစည်းအဝေးအတွက် ***Online Orientation Meeting*** လုပ်ပါသည်။ ယင်းအစည်းအဝေးတွင် ပေးပို့ထားသော ***Agenda*** ကို ညှိနှိုင်းပြင်ဆင်ခြင်း၊ ယူဆောင်လာရမည့်ပစ္စည်း၊ ဥပမာ – ပထမဆုံး ဖွင့်ပွဲနေ့အတွက် ဝတ်ဆင်ရန် နိုင်ငံအလိုက် အမျိုးသားဝတ်စုံများ ယူလာရန် စသည်တို့ ဖြစ်ပါသည်။ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့သို့ ရောက်ရှိပြီးနောက် ***Bellevue Hotel*** တွင် နေထိုင်တည်းခိုရပါသည်။

အစည်းအဝေး ပထမနေ့၊ ဒီဇင်ဘာလ (၁၃) ရက်နေ့ နံနက် (၈း၀၀) ခန့်တွင် ***Hotel Tower (1)*** ရှိ ခန်းမကြီး ***(Ballroom)*** ၌ တက်ရောက်သူစာရင်း ရေးသွင်းရပါသည်။ နံနက် (၈း၃၀) နာရီအချိန်တွင် တက်ရောက်သူအားလုံး ခန်းမထဲ၌ နေရာယူကြရပါသည်။ လာအိုနိုင်ငံမှ စာကြည့်တိုက်မှူးသည် အစိုးရခွင့်ပြုချက်မရသဖြင့် အစည်းအဝေးသို့ လူကိုယ်တိုင် မတက်ရောက်နိုင်၍ အွန်လိုင်းဖြင့် ပါဝင်တက်ရောက်ပါသည်။ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား မလေးရှား၊ မြန်မာ၊ အိမ်ရှင်ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ စာကြည့်တိုက်မှူးများ တက်ရောက်ကြပါသည်။

အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာပြီးသည်နှင့် ဖိတ်ကြားခံရသည့် ***ASEAN*** နိုင်ငံမှ ကိုယ်စားလှယ်များ၊ မိမိနိုင်ငံ၏ အလံလေးများကို ကိုင်ဆောင်ပြီး အက္ခရာစဉ်အတိုင်း ခန်းမထဲသို့ ဝင်ရောက်ကြရပါသည်။

ထို့နောက် ဖိလစ်ပိုင် အမျိုးသားသီချင်းဖွင့်ပေးခြင်း၊ ခရစ်ယာန်ဘာသာ၊ မူဆလင်ဘာသာအရ ဘုရားရှိခိုးဆုတောင်းခြင်း၊ အာဆီယံသီချင်း၊ ***PRC*** သီချင်းနှင့် ***PLA*** သီချင်းများ ဖွင့်ပေးထားချိန်တွင် ဧည့်ပရိသတ်များက မတ်တတ်ရပ်လျက် နားထောင်ကြရပါသည်။

ထို့နောက် နံနက် (၉း၀၀) မှစတင်၍ အခမ်းအနားအစဉ်အရ ***ASEAN*** နိုင်ငံများမှ ကိုယ်စားလှယ်များ အပါအဝင် အခြားတက်ရောက်လာကြသူများကို အသိအမှတ်ပြုခြင်း၊ ***Welcome Remarks, Opening Remarks*** နှင့် အစည်းအဝေး (၃) ရက်တာတွင် ပါဝင်သည့် အစီအစဉ် အခန်းကဏ္ဍများကို ***power point*** ဖြင့် ရှင်းလင်းပြောကြားသွားကြပါသည်။

ဆက်လက်၍ ***Mrs. Barbara Lison, President, International Federation of Library Associations and Institutions (IFLA)*** ၏ ယခုအစည်းအဝေးနှင့် ပတ်သက်၍ နှုတ်ဆက်စကား ***video message*** ကို ဖွင့်လှစ်ပြသပါသည်။ နှုတ်ဆက်စကားများအထဲတွင် စာကြည့်တိုက်

မှူးများသည် တစ်ခါတစ်ရံ တစ်ယောက်တည်း ရပ်တည်ကြရသည့်အတွက် ဒေသအကြား၊ မြို့တစ်မြို့နှင့် တစ်မြို့ကြား ကမ္ဘာကြီးနှင့် စသဖြင့် ပူးပေါင်းဆောင်ရန်လိုအပ်ကြောင်း၊ ယခု အစည်းအဝေးသည် ***ASEAN*** နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အတွက် 'အပြန်အလှန်အသိအမှတ်ပြုမှုအစီအစဉ်' ***(Mutual Recognition Arrangement (MRA)*** ကို ချမှတ်ရန် အတွက်ဟု ကျွန်ုပ် နားလည်ပါကြောင်း၊ သို့အတွက်ကြောင့် ဝမ်းသာကြောင်း အစရှိသည်တို့ ပါဝင်ပါသည်။

ထို့နောက် ***PRC, PRBEL, PLA, ASEAN Country Representatives*** နှင့် ***International Affairs Office*** မှ တက်ရောက်လာသူများ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပါသည်။

နေ့လယ် (၁း၀၀) နာရီမှစ၍ ဖိတ်ကြားခံထားရသည့် အာဆီယံ နိုင်ငံအသီးသီးမှ တက်ရောက်လာသည့် စာကြည့်တိုက်မှူးများက စာကြည့်တိုက်နှင့် သုတ ပညာဘာသာရပ် ***(Library and Information Studies)*** သင်ကြားရေး၊ လေ့ကျင့်ရေး၊ စာကြည့်တိုက်မှူးတို့ လိုက်နာရမည့် ကိုယ်ကျင့်တရားများနှင့် ပတ်သက် ဆက်နွှယ်သည့် ဆွေးနွေးမှုများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြပါသည်။

- ***Mr. Kolap Mao*** (ကမ္ဘောဒီးယား စာကြည့်တိုက်အသင်း ဒုတိယဥက္ကဋ္ဌ)၊
- ***Dr. Zulfikan Zen*** (အင်ဒိုနီးရှား စာကြည့်တိုက်အသင်း၊ ဥက္ကဋ္ဌ)
- ***Ms. Thongphanith Phoukham, Deputy of the Acquisitions Section*** (လာအိုနိုင်ငံ အမျိုးသားစာကြည့်တိုက်) တို့က အွန်လိုင်းမှ ပါဝင်ဆွေးနွေးတင်ပြပါသည်။
- ***Dr. Ghazali Mohamed Fadzil*** (မလေးရှား စာကြည့်တိုက်အသင်း၊ ဥက္ကဋ္ဌ)

စာကြည့်တိုက်မှူးများ၏ ဆွေးနွေး တင်ပြချက်များ အပေါ် မေးခွန်းမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း အစီအစဉ်ကို ၁၅ မိနစ် ဆက်လက်ဆောင်ရွက်ပါသည်။

ထို့နောက် နေ့လယ်စာ သုံးဆောင်ကြပြီး မွန်းလွဲ (၃) နာရီတွင် ဆက်လက်ဆွေးနွေးတင်ပြကြပါသည်။

- ***Daw Sandra Chit HPO*** (ဒေါ်စန္ဒြာချစ်ဖို့၊ အထွေထွေအတွင်းရေးမှူး – ၁၊ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း)
- ***Mr. Rene B. Manlangit*** (ဖိလစ်ပိုင်စာကြည့်တိုက်အသင်း၊ ဥက္ကဋ္ဌ) ***Librarians Association, Inc***
- ***Ms. Tan Chui Peng*** (ဝါရင့်ဒုတိယ – ညွှန်ကြားရေးမှူး၊ စင်္ကာပူအမျိုးသားစာကြည့်တိုက်ကြီးကြပ်ကွပ်ကဲရေးအဖွဲ့)
- ***Dr. Tassane Hanpol*** (ဥက္ကဋ္ဌ၊ ထိုင်းစာကြည့်တိုက်အသင်း)
- ***Mr. Nguyen Xuan Dung*** (ဒုတိယညွှန်ကြားရေးမှူး၊ ဗီယက်နမ်အမျိုးသားစာကြည့်တိုက်)

တို့က တင်ပြဆွေးနွေးကြပြီး အမေး – အဖြေပြုလုပ်ရန် ၁၅ မိနစ်ခွင့်ပြုပါသည်။

ထို့နောက် ဆွေးနွေး တင်ပြခြင်းတွင် မပါသော အကြောင်းအရာများအား ပွင့်လင်းစွာ မေးမြန်းနိုင်သည့် အစီအစဉ်ကို ဆက်လက်လုပ်ဆောင်ပါသည်။

စာကြည့်တိုက်မှူးအဖြစ် ရပ်တည်ရခြင်းနှင့် ပတ်သက်သည့် ခံယူချက်၊ အမြင် သဘောထား စသည်တို့ကို မေးကြ၊ ဖြေကြပါသည်။

ပထမနေ့ အစည်းအဝေး နောက်ဆုံးအစီအစဉ်အရ ***"Certificate of Recognition Award"*** ကို တက်ရောက်လာကြသည့် နိုင်ငံကိုယ်စားပြု စာကြည့်တိုက်မှူးများနှင့် ဖိလစ်ပိုင်နိုင်ငံမှ အစည်းအဝေး ဖြစ်မြောက်ရေးအတွက် အဓိက ပါဝင်ဆောင်ရွက်ကြသူများအား ပေးအပ်ပါသည်။

အစည်းအဝေး ဒုတိယမြောက်နေ့ ၁၄ ဒီဇင်ဘာ နံနက် ၈း၃၀ တွင် အစည်းအဝေး စတင်ပါသည်။ ***Mr. Roilingel P. Calilung, RL, Executive Vice-President, Philippine Librarians Association, Inc*** က ယမန်နေ့က ပြောဆိုဆွေးနွေးခဲ့သော အကြောင်းအရာများကို ပြန်လည်၍ အကျဉ်းချုံး တင်ပြခဲ့ပါသည်။

ထို့နောက် ***Dr. Adrian Lawrence Carvajal, Supervising PRO, International Development Division, International Affairs Office, Professional Regulation Commission*** က အာဆီယံနိုင်ငံများမှ တက်ရောက်လာကြသည့် နိုင်ငံကိုယ်စားပြု စာကြည့်တိုက်မှူးများ၊ ပါဝင်လက်မှတ်ထိုးရမည့် စာကြည့်တိုက်မှူးများအတွက် နှစ်ဦးနှစ်ဖက် အသိအမှတ်ပြုမှုဆိုင်ရာ ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းများကို ပံ့ပိုးကူညီရာတွင် ပါဝင်ဆောင်ရွက်မည့် အချက် ပါဝင်သည့် ***"Commitment of Collaboration"*** (ပူးပေါင်းဆောင်ရွက်မှု၏ကတိကဝတ်) အကြောင်းကို ရှင်းလင်း ပြောကြားသွားပါသည်။

ထို့နောက် အာဆီယံနိုင်ငံ ကိုယ်စားပြု စာကြည့်တိုက်မှူးများတင်ပြခဲ့သောစာကြည့်တိုက်နှင့်သုတပညာဘာသာရပ် ***(Library and Information Studies)*** သင်ကြားရေး၊ လေ့ကျင့်ရေးနှင့် စာကြည့်တိုက်မှူးတို့ လိုက်နာရမည့် ကိုယ်ကျင့်တရားများနှင့် ပတ်သက် ဆက်နွှယ်သည့် ဆွေးနွေးချက်များကို စာကြည့်တိုက်မှူးများက နိုင်ငံအလိုက် ခြုံငုံ၍ တင်ပြကြပါသည်။

နေ့လယ်စာစားပြီး မွန်းလွဲ ၁း၀၀ နာရီတွင် အဖွဲ့ (၃) ဖွဲ့ခွဲ၍ ***Consolidation and Action Planning on LIS Education, Consolidation and Action Planning on LIS Practice, Consolidation and Action Planning on LIS Ethics*** ခေါင်းစဉ် (၃) ခုကို ဆွေးနွေးကြပါသည်။ ***Dr. Ma. Lindie D. Masalinto*** က ***LIS Education, Mr. Michael A. Pinto, RL*** က ***LIS Practice*** နှင့် ***Ms. Emma M. Rey, RL*** က ***LIS Ethics*** စသည်ဖြင့်ဦးဆောင်ဆွေးနွေးကြပါသည်။ ကျွန်မနှင့်မလေးရှားမှကိုယ်စားလှယ်မှာ ***LIS Ethics*** အဖွဲ့တွင် ပါဝင်ဆွေးနွေးရပါသည်။ မိမိအဖွဲ့တွင် ဝင်ရောက်ဆွေးနွေးပြီးလျှင် အခြားအဖွဲ့များသို့ သွားရောက်ပြီးလည်း ပါဝင်ဆွေးနွေးနိုင်ပါသည်။

(၂) နာရီခန့် ဆွေးနွေးပြီးသောအခါ အဖွဲ့ (၃) ဖွဲ့မှ ဆွေးနွေးခဲ့သော အကြောင်းအရာများထဲမှ မီးမောင်းထိုးပြသင့်သော အချက်အများ ***(Highlights of the Final Report)*** ကို ***Mr. Michael A. Pinto, RL*** က တင်ပြသွားပါသည်။

ထို့နောက် ***"Commitment of Collaboration"*** (ပူးပေါင်းဆောင်ရွက်မှု၏ ကတိကဝတ်) ကို လက်မှတ်ရေးထိုးခြင်း အခမ်းအနားဖြစ်ပြီး အာဆီယံနိုင်ငံများအနက် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံများမှ ကိုယ်စားလှယ်များကသာ လက်မှတ်ရေးထိုးကြပါသည်။ သက်သေများအနေနှင့် ***Hon. Yolanda C. Granda, RL, Chairperson*** နှင့် ***Hon. Lourdes T. David, RL, member, Professional Reguatory Board for Librarians, Professional Regulation Commission*** တို့က လက်မှတ်ရေးထိုးကြပါသည်။

ဆက်လက်၍ ***"The Mutual Recognition Arrangement (MRA) Initiative and Action Plan to the Congress of Southeast Asian Librarians (CONSAL)"*** ကို ***CONSAL XVIII (2019-2022)*** အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့သော ***Cambodia Ms. Kolap Mao*** က ***CONSAL XIX Host (2023-2025)*** ကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည့် ***Malaysia*** နိုင်ငံမှ ***Dr. Ghazali Mohamed Fadzil*** ကို လွှဲပြောင်းပေးလိုက်ပါသည်။ ***Hon. Yolanda C. Granda, RL*** နှင့် ***Mr Rene B. Manlangit*** တို့က အမှာစကား ပြောကြားသွားပါသည်။ ***Dr. Ghazali Mohamed Fadzil*** ကလည်း ***CONSAL XIX*** ကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည်ကို လက်ခံပါကြောင်းပြောကြားပါသည်။

ထို့နောက် ဆွေးနွေးပွဲ ပထမနေ့နှင့် ယနေ့နံနက်ပိုင်း၊ နေ့လယ်ပိုင်းတွင် ပြုလုပ်ခဲ့သော အစည်းအဝေးများ၊ လှုပ်ရှားဆောင်ရွက်မှုများအားလုံးကို မှတ်တမ်းတင်ထားသော ***Video*** ကို ပြသပြီး ***"Synthesis of the Convergence" by Mr. Roilingel P.Calilug, RL, Executive Vice-President, PLA, "Way Forward" by Hon. Yolanda C. Granda, RL, Chairperson, PRBL*** နှင့် ***Closing Remarks by Hon. Lourdes T. David RL, Member, PRBL/PRC*** တို့က ပိတ်ပွဲအခမ်းအနား အမှာစကား ပြောကြားလျက် ညနေ ၄း၅၀ တွင် အခမ်းအနားကို ပိတ်သိမ်းခဲ့ပါသည်။

ဤဆွေးနွေးပွဲသို့ တက်ရောက်ခွင့်ရသဖြင့် အာဆီယံနိုင်ငံများ၊ တခြားနိုင်ငံများမှ ပညာရှင်များနှင့် တွေ့ဆုံခွင့်၊ အသိပညာဖလှယ်ခွင့်များရရှိပြီး အာဆီယံနိုင်ငံစာကြည့်တိုက်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည့် 'အပြန်အလှန်အသိအမှတ်ပြုမှု အစီအစဉ်' ***(Mutual Recognition Arrangement) (MRA)*** ဖြစ်မြောက်လာစေရန်အတွက် မြန်မာနိုင်ငံ ကိုယ်စားပြု စာကြည့်တိုက်မှူးတစ်ဦးအနေဖြင့် ပါဝင်ဆောင်ရွက်ခွင့်ရခဲ့သည်ကို အတိုင်းမသိ ဂုဏ်ယူဝမ်းသာပီတိ ဖြစ်ရပါသည်။

## စာကြည့်တိုက်မှူး မှတ်စုများ

စာကြည့်တိုက်ကို ပျိုးခင်းနှင့်တူသည်ဟု ဆိုချင်ပါသည်။ စာကြည့်တိုက်မှူးကို ပျိုးခင်းထောင်သူနှင့် တူသည်ဟု ဆိုချင်ပါသည်။ ပျိုးခင်းထောင်သူသည်မြေကောင်းမြေသန့်ဝယ်၊ မျိုးကောင်းမျိုးသန့်စပါးကိုရအောင်အားထုတ်၍ ရသောအခါ ထိုမျိုးကောင်းမျိုးသန့် စပါးကို လယ်ယာ၌ ချ၍စိုက်သည်။ ထိုအခါ မျိုးကောင်းမျိုးသန့်စပါးသည် လယ်ယာအနှံ့အပြားသို့ ရောက်သဖြင့် မျိုးကောင်းမျိုးသန့်စပါး ပွားများရသည်။ ထိုနည်းတူစွာ စာကြည့်တိုက်မှူးသည်လည်း ပညာလိုလား အမျိုးသားတို့အား စာကြည့်တိုက်ဝယ် မျက်စိကြီး နားကြီး ဖြစ်လာအောင် ပျိုးထောင်ပေးသည်နှင့်တူသည်။ ထိုသို့ ပျိုးထောင်ပေးလိုက်သောအခါ ထိုအမျိုးသားတို့သည် အသိဉာဏ်အရာ၌ အနှံ့အပြား တိုးတက်လာစရာအကြောင်း ရှိသည်။ အိမ်တိုင်း အိမ်တိုင်း၌ မျက်စိကြီး နားကြီး အမျိုးသားထွန်းကားလျှင်၊ ရွာတိုင်းရွာတိုင်း၌ မျက်စိကြီးနားကြီးထွန်းကားလျှင်၊ ခရိုင်နယ်ပယ်တိုင်း၌ မျက်စိကြီး နားကြီး ထွန်းကားလျှင်၊ တစ်နိုင်ငံလုံး၌ မျက်စိကြီး နားကြီး ဖြစ်မည်။ နိုင်ငံလုံးချီ၍ မျက်စိကြီးနားကြီးထွန်းကားလျှင် ဤနိုင်ငံသည် ကြီးပွားလာနိုင်စရာ အကြောင်း ရှိပါသည်။


ဦးသိန်းဟန် (အမျိုးသားစာဆိုကြီးဇော်ဂျီ)

# အက်ဖ်အာဘီအာ တွေးဆချက်စံပြပုံစံ

ဦးသိန်းရွှေ

နှစ်ဆယ်စုနှစ်နှောင်းပိုင်းမှာ ဆက်သွယ်ရေးနဲ့ အီလက်ထရွန်နစ်နည်းပညာတွေ ထွန်းကားလွှမ်းမိုးလာခြင်းဟာ သုတသတင်းအဝန်းအဝိုင်းကိုလည်း ရိုက်ခတ်ပါတယ်။ ဒါကြောင့် စာကြည့်တိုက်ရဲ့ စာစုထဲကို သမားရိုးကျနည်းအတိုင်း ခဲစာလုံး မျက်နှာပြင်ကို မင်ဆွတ်ကာ စာရွက်ပေါ်မှာ နှိပ်ထားတဲ့ ပုံနှိပ်စာပေပစ္စည်းတွေနဲ့အပြိုင် အီလက်ထရွန်နစ်နည်းပညာသုံးပြီး ထုတ်လုပ်ဖြန့်ချိလာတဲ့ အသွင်မျိုးစုံသော ဒစ်ဂျစ်တယ်ရင်းမြစ်တွေ ဝင်လာပါတယ်။ ဖြိုဟ်တုတွေကလည်း ကမ္ဘာလုံးကြီးကို ဆက်သွယ်ရေးကွန်ရက်နဲ့ လွှမ်းခြုံ ရစ်ပတ် အုပ်စီးထားပြီးဖြစ်တာကြောင့် လက်ဖဝါးထဲက ပြားချပ်ချပ်ကိရိယာလေးကိုသုံးပြီး လူတွေဟာ သူတို့ရဲ့ စူးစမ်းချင်စိတ်၊ သိချင်စိတ်ကို မြင်းစီးသလို ဒုန်းစိုင်း ချဲ့ထွင်လာကြပါတော့တယ်။

စာကြည့်တိုက်ထဲမှာ ကတ်တလောက်ကတ်ပြားအံ့ဆွဲတွေကို မတ်တတ်တစ်မျိုး ထိုင်တစ်မျိုးနဲ့ ကိုယ်လိုရာ ရှာ၊ ဆွဲထုတ်။ အံဆွဲထဲက ကတ်ပြားအထွေးလိုက်ကြီးကို ပြူးချဲ့ထားတဲ့ စက္ကူတစ်စုံအပြင် ဘယ်ညာလက်ချောင်းစုံသုံးကာ အကော်ဒီယံတီးခတ်သကဲ့သို့ ကိုယ်လိုရာကတ်ပြားကို ရှာ။ ၅ × ၃ လက်မအရွယ် ကတ်ပြားငယ်မှာ ဆိုင်ရာစာအုပ်အတွက် သရုပ်ဖော်ပေးထားတဲ့ အချက်အလက်တွေကို အသုံးချပြီး ကိုယ် လိုချင်နေတဲ့ စာအုပ် ဟုတ်မဟုတ် စိစစ်ရွေးချယ်။ လိုရာစာကို ရှာတွေ့သည်ရှိသော် အသင့်ပေးထားတဲ့ စာရွက်ငယ်မှာ စာထုတ်အမှတ်ရေးမှတ်ပြီး စာငှားကောင်တာကို ပေး။ မိနစ်အနည်းငယ် စောင့်ဆိုင်းပြီးသော် ကိုယ်လိုရာစာအုပ်ကို ထုတ်ယူနိုင်ပါလိမ့်မယ်။ အံဆွဲထဲက ကတ်ပြားမှာ ကိုယ်လိုရာ ရှာမတွေ့သည်ရှိသော် အက္ခရာစဉ်များ မှားလေသလား၊ ရှာဖွေရာ ကတ်ပြားအစုမှာ ရှေ့တိုးနောက်ဆုတ်ကာ နောက်တစ်ခါ ထပ်ရှာ။ အဖြေတူထွက်သည်ရှိသော် မနီးမဝေးရှိ အခြားသော ကတ်တလောက်အံ့ဗီရိုတစ်မျိုးထံသို့ ခြေဦးတည်ပါ။ ယင်းကလည်း အဖြေတူပေးပြန်သည်ရှိသော် နောက်ဆုံးသော အံ့ဗီရိုတစ်မျိုးမှာ ရှာပါ။ စာအုပ်အမည်၊ စာရေးသူအမည်နဲ့ ပညာရပ်အံ့ဗီရို သုံးမျိုးလုံးမှာ ရှာမတွေ့သည်ရှိသော် ရှာဖွေခြင်းအလုပ်ကို ညှိုးငယ်သောစိတ်ထားဖြင့် အဆုံးမသတ်ပါလင့်။ ရှာမတွေ့ကြောင်း စာငှားကောင်တာမှာ သတင်းပို့သော် ဝန်ဆောင်မှုပေးခြင်း၌ အသားကျနေသူတို့က အဖြေတွေ့အောင် ကူညီပါလိမ့်မယ်။ သူတို့ဖြေကြားမှုအပေါ် ဘဝင်မကျ အီလည်လည်ခံစားနေရသော် အားသွန်ကူညီမည့် စာကြည့်တိုက်မှူးက သင့်ကို စောင့်မျှော်နေပါတယ်။




ဤသည်မှာ အေအေစီအာတူးနဲ့အညီ စာအုပ်သရုပ်ဖော်ထားချက်တွေပါတဲ့ ကတ်ပြားကတ်တလောက်သုံးပြီး စာရှာနေကြရတဲ့ စာငှားကောင်တာတစ်ဝိုက်မှ သမားရိုးကျမြင်ကွင်းပါ။ အီလက်ထရွန်နစ်နည်းပညာကြောင့် ***OPAC*** (အများသုံး စာရှာကတ်တလောက် ***Online Public Access Catalog***) ရှိလာလို့ စာကြည့်တိုက်မသွားဘဲ စာရှာတာကို အိမ်မှာပဲ လုပ်နိုင်လာတယ်။ စက်သုံးကတ်တလောက်လုပ်ငန်းဖြစ်တဲ့ ***MARC (Machine Readable Cataloging)*** ကို သုံးထားလို့ ကိုယ်လိုရာကို ရိုက်ထည့်ပေးရင် ရှိမရှိ ချက်ချင်းသိရတဲ့အတွက် ကတ်ပြားမှာ ရှာရတာထက် လွယ်သက်သာတယ်။ စာအုပ်ကို သရုပ်ဖော်ရာမှာတော့ အေအေစီအာတူးကိုပဲ သုံးထားတာကြောင့် ကတ်ပြားထဲက ဖော်ပြချက်ထက်ပိုလွန်တဲ့အချက်အလက် မပါရှိပါ။

နည်းပညာဘက်စုံ ထွန်းကားလာခြင်းကြောင့် အခံပစ္စည်း ***(medium)*** မျိုးစုံပေါ်မှာ သုတရသဖန်တီးချက်တွေကို စာသားအားဖြင့်၊ အသံအားဖြင့်၊ ရုပ်သေရုပ်ရှင်အားဖြင့် မှတ်တမ်းတင်နိုင် ***(record)***၊ သိုမှီထားနိုင် ***(store)***၊ ပို့လွှတ်ပေးနိုင် ***(transmit)*** လာပါတယ်။ ဒါတင်မက ဆက်စပ်နေတဲ့ သုတရသဖန်တီးချက်တွေကို ရှေနောပေါင်းစပ်လိုက်ပြီး ဖြစ်ရပ် ***(event)*** တစ်ခုရဲ့ အဖြစ်သနစ်ကို အစချီသည်မှ လက်ငင်းအခြေသို့တိုင် ပုံဖော်တင်ဆက်လာနိုင်ပါတယ်။ လူတို့ရဲ့ သုတရသလိုအင်ဟာ ဖန်တီးမှုလက်ရာ ***(work)***၊ ဒါမှမဟုတ် ဖြစ်ရပ်တစ်ခုကို စက္ကူအာရုံအပြင် သောတအာရုံ

ဖြင့်ပါ တစ်ပြိုင်တည်း သိချင်ခံစားချင်တာက မွေးရာပါစရိုက်ပါ။ လူရဲ့အာရုံ အတောမသတ်နိုင်မှုကို ပုံနှိပ်စာပေပစ္စည်းတို့ဖြင့် ဖြည့်ဆည်းပေးလာရာမှ ရုပ်သံထုတ်ပစ္စည်းတို့ဖြင့်ပါ တိုးချဲ့ဖြည့်ဆည်းပေးနိုင်ခဲ့ပါပြီ။ ကိုယ့်ဆီမှာ၊ ကိုယ့်မြို့က စာကြည့်တိုက်မှာ မရှိတဲ့ သုတရသဖန်တီးချက်တွေကို အိုပက်ခ်မှာ ရှာဖွေနိုင် ရယူနိုင်လာပြီ။ ကန့်သတ်လွန်ချိတ်ဆက်မှု လုပ်ပေးနိုင်တဲ့ ဟိုက်ပါလင့်ခ် ***(hyperlink)*** ကြောင့် ဖြစ်ရပ်တစ်ခုကို ကြည့်နေစဉ်မှာပဲ ဖြစ်ရပ်နဲ့ တိုက်ရိုက်ဆက်စပ်၊ သွယ်ဝိုက်ဆက်နွယ်နေပြီး စာသား၊ အသံ၊ ရုပ်သေ၊ ရုပ်ရှင် အသွင်ရှိနေတဲ့ အခြားသော မှတ်တမ်းတင်ထားချက် ***(records)*** တွေကိုလည်း ချိတ်ဆက်ဆွဲယူပြီး တစ်ထိုင်တည်း မြင်နိုင်ကြားနိုင်လာတယ်။

သုတရသဖန်တီးချက်ကို အခံပစ္စည်းမျိုးစုံပေါ်မှာ အသွင်မျိုးစုံဖြင့် သိုမှီးနိုင်လာခြင်း၊ လူတို့ရဲ့ သုတရသဆိုင်ရာ အာရုံမျိုးစုံ တောင့်တမှု ထွေပြားလာခြင်း၊ နည်းပညာတွေ ဆင့်ကဲဖြစ်ထွန်းနေခြင်းတို့ဟာ အေအေစီအာတူးကနေ အာဒီအေဆီသို့ တွန်းပို့လိုက်ခြင်း ဖြစ်ပါတယ်။ အေအေစီအာတူးမှာလိုပဲ အာဒီအေကလည်း စာရှာသူကိုပဲ ဗဟိုပြုတယ်။ စာရှာသူ လိုအပ်ချက်နဲ့ အကိုက်ညီဆုံးသော စာအုပ်ရလာဖို့အတွက် စာရှာသူက စိစစ်ရွေးချယ်မှုလုပ်ရာမှာ အသုံးချနိုင်တဲ့ အချက်အလက်တွေ စာရာကတ်တလောက်ထဲမှာ ပီပြင်ပြတ်သားစွာ၊ လုံလောက်စွာ ပါရှိနေစေရေးကို ဦးတည်ကြံဆပါတယ်။ ဒါဟာ အာဒီအေအခြေတည်ရာ သဘောတရားမူဘောင် ***(theoretical framework)*** ဖြစ်ပါတယ်။

ဖော်ပြပါ သဘောတရားမူဘောင်မှာ အခြေတည်ထားတာကြောင့် တွေးဆချက်စံပြုပုံစံတွေ ***(conceptual models)*** ဟာ အာဒီအေရဲ့ အဓိကဇာတ်ကောင်တွေ ဖြစ်လာပါတယ်။ သဘောတရားဟူသည် ထိုထိုဤဤသော အရာတို့ကို ဤသို့ပြုသော် ထိုသို့ဖြစ်ဖွယ်ရှိရာ၏ဟူသည့် တွေးခေါ်ကြံဆမှုရဲ့ ရလဒ် ဖြစ်ပါမည်။ အဲဒီရလဒ်ကို နောင်အလားတူဖြစ်ရပ်တွေအတွက်လည်း အသုံးပြုရမယ့် စံထားချက်အဖြစ် သတ်မှတ်လိုက်တာဟာ တွေးဆချက်စံပြုပုံစံ ဖြစ်ပါတယ်။

အာဒီအေထဲက တွေးဆချက်စံပြုပုံစံတွေဟာ စာရှာသူကို ဗဟိုထားပြီး သူ့လိုအပ်ချက်တွေကို အခြေပြုကာ တွေးခေါ်ကြံဆခြင်းမှ ဖော်ထုတ်ယူခဲ့တာတွေ ဖြစ်ပါတယ်။ စာရှာမှုဖြစ်စဉ်မှာ စာရှာသူ့လိုအပ်ချက်က ဘာတွေလဲ။ လိုအပ်ချက်ပြည့်မြောက်ဖို့ ဘာတွေလုပ်သလဲ။ ကတ်တလောက်မှာ ဖော်ပြထားတဲ့ အချက်အလက်တွေက စာရှာသူအတွက် အသုံးဝင်ရဲ့လား၊ ပြည့်စုံမှု ရှိရဲ့လား၊ နားလည်လွယ်ရဲ့လား။ စာရှာသူအတွက် အသုံးဝင်ဖွယ်ရာဖြစ်တဲ့ ဖြစ်တည်မှု ***(entity)*** တစ်ခု ဖြစ်သည့် ရှာဖွေခံရင်းမြစ်နဲ့ အခြားသော ဖြစ်တည်မှု ***(entity)*** တစ်ခုတို့အကြားက ဆက်နွယ်ချက် ***(relationship)*** တွေက ဘာတွေလဲ စသည်တို့ကို စိစစ်ပြီး ဖြေရှင်းချက်ရဖို့ ကြံဆပါတယ်။ ရလဒ်ကတော့ လိုချင်နေတဲ့စာအုပ်ကို ရဖို့ ရွေးချယ်ရာမှာ အထောက်အကူပြုတဲ့ အလုပ်လုပ်ပေးနိုင်ခြင်း ***(functional)*** ကြောင့် စာစုမှတ်တမ်းတင်ချက် ***(bibliographic records)*** အဖြစ် ဖော်ပြပေးဖို့ လိုအပ်တဲ့ ***(requirements)*** အချက်အလက်တွေကို ဖော်ထုတ်သတ်မှတ်နိုင်ခြင်းပါ။ လိုတိုရှင်းပြောရရင် လိုရာစာအုပ်ကို ရှာဖွေရယူနိုင်ဖို့အတွက် စာအုပ်ရဲ့ ဘယ်အချက်တွေ၊ ချိတ်ဆက်နေတဲ့ ဘယ်ဆက်နွယ်ချက်တွေကို ကတ်တလောက်မှာ ဘယ်လို ဖော်ပြပေးမလဲ ဖော်ထုတ်တာပါ။ ဒါဟာ အာဒီအေရဲ့ အခြေခံအကျဆုံး တွေးဆချက်စံပြုပုံစံဖြစ်တဲ့ အက်ဖ်အာဘီအာ (စာစုမှတ်တမ်းတင်ချက်များအတွက် အသုံးချနိုင်သော လိုအပ်ချက် ***Functional Requirements for Bibliographic Records***) ပါပဲ။ အက်ဖ်အာဘီအာကို ချဲ့ထွင်ကာ အက်ဖ်အာအေဒီ (အတည်ပြုပြီးအချက်အလက်များအတွက် အသုံးချနိုင်သော လိုအပ်ချက် ***Functional Requirements for Authority Data***) နဲ့ အက်ဖ်အာအက်စ်အေဒီ (အတည်ပြုပြီး ပညာရပ်အချက်အလက်များအတွက် အသုံးချနိုင်သော လိုအပ်ချက် ***Functional Requirements for Subject Authority Data***) တို့ကို ဆက်လက်ဖော်ထုတ်ပါတယ်။

အက်ဖ်အာဘီအာကို ပုံစံဖော်ရာမှာ ***Peter Chen*** က ၁၉၇၀ ပြည့်နှစ်လယ်မှာ စတင်မိတ်ဆက်ပေးခဲ့ပြီး ဒေတာဘေ့စ် (ဆက်စပ်မှုရှိတဲ့ အချက်အလက်တွေကို စုစည်းပုံဖော်ထားတဲ့ အချက်အလက်အစုအဝေး) တွေ တည်ဆောက်ရာမှာ အသုံးများလာတဲ့ ဖြစ်တည်မှု ဆက်နွယ်ချက် စံပြုပုံစံ ***(Entity-Relationship Model)*** ကို သုံးပါတယ်။ ဒီစံပြုပုံစံဟာ လုပ်ငန်းလည်ပတ်ဖို့ လိုအပ်တဲ့ အချက်အလက်အစုအဝေးကြီး ***(data universe)*** ကို စိစစ်ပြီး ဘယ်ဟာတွေကဖြင့် ပီပြင်သော ဖြစ်တည်မှုတွေ ***(specific entities)***၊ အဲဒီဖြစ်တည်မှုတို့ကြားမှာ ချိတ်ဆက်နေတဲ့ ဘယ်အရာတွေကဖြင့် ပီပြင်သော ဆက်နွယ်ချက်တွေ ***(specific relationships)*** ဖြစ်တယ်ဆိုတာကို ခွဲခြားသတ်မှတ်ပေးတယ်။ ဖြစ်တည်မှုနဲ့ ဆက်နွယ်ချက် နှစ်မျိုးလုံးမှာ အရည်အသွေး ***(attribute)*** ဆိုတာတွေလည်း အသီးသီးရှိကြတယ်လို့ သတ်မှတ်ပါတယ်။ ဖြစ်တည်မှုဆိုတာ အထင်အရှား သီးခြားရပ်တည်နေတဲ့ ဒြပ်ရှိဒြပ်မဲ့တွေဖြစ်ပြီး ဆက်နွယ်ချက်ဆိုတာကိ ဖြစ်တည်မှုနှစ်ခုကြားမှာ ချိတ်ဆက်နေတဲ့ ပတ်သက်ဆက်နွယ်မှုတစ်မျိုးပါ။ ဒီစံပြုပုံစံဟာ ဖြစ်တည်မှုတွေကို မျိုးတူရာ စုစည်းလိုက်ပြီး ဖြစ်တည်မှုအစု ***(entity set)*** အဖြစ် သတ်မှတ်ပေးတယ်။ ဆက်နွယ်ချက်တွေကိုလည်း ဆက်နွယ်ချက်အစုအဖြစ် သတ်မှတ်ပေးပါတယ်။ အစုအသီးသီးမှာ အစုငယ် ***(subset)*** တွေ ရှိနိုင်တယ်လို့ ဆိုပါတယ်။

အာဒီအေရဲ့ အခြေခံမှုတွေဟာ (၁) သဘောတရားမှုဘောင်ပေါ်မှာ အခြေတည်ထားတာ၊ (၂) ဒစ်ဂျစ်တယ်ဝန်းကျင်အတွက် ပုံစံဖော်ထားတာနဲ့ (၃) အေအေစီအာတူးထက်ပိုကျယ်ပြောတဲ့ ရှုမြင်မှုဘောင် ထားရှိတာတွေ ဖြစ်တယ်လို့ ဆိုပါတယ်။

အီလက်ထရွန်နစ်နည်းပညာဟာ ပစ္စည်းသစ်ဖန်တီးမှုတိုင်းမှာ အခရာဖြစ်လာတယ်။ သူ့စွမ်းရည်ကြောင့် ဒစ်ဂျစ်တယ်ပစ္စည်းတွေဟာ အရွယ်ကျုံ့လာတယ်။ ရှုပ်ထွေးတဲ့ လုပ်ဆောင်ဖွယ်အများအပြားကို ချက်ချင်းနီးပါး ပြီးမြောက်စေတယ်။ နိုင်ငံတကာစံသတ်မှတ်ချက်နဲ့အညီ ဖြစ်ပါက အီလက်ထရွန်နစ်နည်းပညာသုံးထားတဲ့ ဒစ်ဂျစ်တယ်ပစ္စည်းအားလုံးနီးပါးဟာ အပြန်အလှန်ချိတ်ဆက်ပြီး အလုပ်လုပ်နိုင်ကြတယ်။ လူတွေလို စားချိန်စွန့်ချိန်မလိုတဲ့ စက်ရုပ်တွေ စက်မှုလုပ်ငန်းမှာ သုံးလာတာ ကြာပြီ။ အစစ်သဖွယ် ပုံရိပ်ယောင် ***(virtual reality)*** ထဲကို ဝင်ကစားပြီးချိန်မှာ လူသားရဲ့ ပကတိဖြစ်တည်မှုဟာ ယောင်ချာချာဝေဝါးသွားပြီး မျက်စိသူငယ်နဲ့ ငိုင်ကျသွားစေတဲ့အထိ ဆန်းပြားနေပြီ။ အလားတူ ဆန်းပြားမှုမျိုး စာပြုစာရှာလောကထဲမှာ ပေါ်လာနိုင်သလား။

အာဒီအေဟာ ပါရီအခြေခံမှု ***(Paris Principles. 1961)*** ၊ အဲဒီမှုကို ၂၁ ရာစုရဲ့ အွန်လိုင်းပတ်ဝန်းကျင်၊ အမျိုးစုံအသွင်စုံ ရင်းမြစ်တို့နဲ့ အံဝင်ခွင်ကျစေဖို့အတွက် အသစ်မွမ်းမံလိုက်တဲ့ အိုင်စီပီ (နိုင်ငံတကာကတ်တလောက်လုပ်ငန်းအခြေခံမှု။ ***ICP: The Statement of International Cataloging Principles. 2009***)၊ စာစုသရုပ်ဖော်မှုဆိုင်ရာစံဖြစ်တဲ့ ***ISBD (International Standard of Bibliographic Description. 1971, 2007)*** စတာတွေနဲ့ ညီညွတ်တဲ့ အပြင် အနာဂတ်ရဲ့ အသစ်ပေါ်ထွန်းမှုတွေနဲ့ပါ ချိတ်ဆက်နိုင်ဖို့ အာဒီအေကို ပြင်လွယ်ပြောင်းလွယ်တဲ့ပုံစံ ဖော်ထားတယ်လို့ ဆိုပါတယ်။ အာဒီအေဟာ အချက်အလက်ထည့်သွင်းမှုစနစ် ***(encoding schema)*** ဖြစ်တဲ့ ***MARC 21*** (အမေရိကနဲ့ ကနေဒါမှာ့ခ်နစ်ခု ညှိနှိုင်းပေါင်းစုပြီး ၁၉၉၉ မှ စတင်အသုံးများလာတဲ့စံ) ကို သုံးထားသော်လည်း အခြားသော စနစ်တွေဖြစ်တဲ့ ***DC (Dublin Core*** အမေရိက၊ ဒပ်ဗလင်၌ ရေးဆွဲပြီး ၁၉၉၉ မှာ စတင်အသုံးပြု) နဲ့ ***MODS*** (***Metadata Object Description Schem*** ကွန်ဂရက်စာကြည့်တိုက်က ရေးဆွဲပြီး ၂၀၀၂ ၌ စတင်အသုံးပြု) တို့မှာလည်း သုံးနိုင်ပြီး အချက်အလက်တွေကို ပို့လွှတ်နိုင်တယ်။ ရင်းမြစ်သရုပ်ဖော်မှုမှာလည်း စာကြည့်တိုက်ထဲက ရင်းမြစ်မျှသာ မဟုတ်တော့ဘဲ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရာမော်ကွန်းတိုက်၊ ပြတိုက်နဲ့ ဒစ်ဂျစ်တယ်ရင်းမြစ်အစုတွေ ***(digital repositories)*** မှာရှိတဲ့ ရင်းမြစ်တွေကိုပါ သရုပ်ဖော်ပေးနိုင်အောင် ဖြန့်ကြက်စီမံထားပါတယ်။ ***user*** (စာရှာသူ) ဆိုရာမှာလည်း ဖတ်လိုရာ ရှာဖွေရယူဖို့အတွက် ကတ်တလောက်သုံးသူမျှသာ မဟုတ်တော့ဘဲ ကတ်တလောက်တင်သူ၊ အတည်ပြုပြီး အချက်အလက်ဖန်တီးသူ ***(authority data creator)*** ၊ ကတ်တလောက်မိတ္တူ ***(copy catalog)*** ကူးသူ၊ ထုတ်ဝေသူတို့အထိ ချဲ့ထွင်ထားတယ်။ သုတရသဖန်တီးသူ၊ ဖန်တီးမှုလက်ရာကို သိုမှီးရာရင်းမြစ်၊ ရင်းမြစ်ကိုထုတ်ဝေသူ၊ ဖြန့်ချိသူတို့ကိုပါ ထည့်ပေါင်းပြီး စာစုဆိုင်ရာအဝန်းအဝိုင်းကြီး ***(Bibliographic Universe)*** အဖြစ်ပေါင်းစည်းထားပါတယ်။ ဒါတွေဟာ အာဒီအေရဲ့ ဒစ်ဂျစ်တယ်ဝန်းကျင်အတွက် ပုံစံဖော်မှုနဲ့ ကျယ်ပြောတဲ့ ရှုမြင်မှုပဲ ဖြစ်ပါတယ်။

လိုအပ်ချက်ရှိလာရင် ပြည့်မြောက်ဖို့ တစ်ခုခုလုပ်ရပါမယ်။ စာတစ်အုပ်ရဖို့လိုလာပြီဆိုပါက ကတ်တလောက်မှာ စာရှာတဲ့အလုပ် လုပ်ရပါပြီ။ စာရှာသူရဲ့ စာအုပ်နဲ့ စပ်လျဉ်းတဲ့ လိုအပ်ချက်တွေများလေ စာစုသရုပ်ဖော်ချက်ကို သုံးပြီး စာရှာသူလုပ်ရတဲ့ အလုပ်တွေများလေလေ ဖြစ်ပါမည်။ စာရှာသူရဲ့ အဲဒီလိုလိုအပ်ချက်တွေကို အာဒီအေက စာရှာသူလုပ်ဆောင်ချက်များ ***(user tasks)*** အဖြစ် သတ်မှတ်ပါတယ်။ စာရှာသူလုပ်ဆောင်ချက်မှာ စာစုဆိုင်ရာအချက်အလက် ***(bibliographic data)*** နဲ့ စပ်လျဉ်းတဲ့ လုပ်ဆောင်ချက်နဲ့ အတည်ပြုပြီး အချက်အလက် ***(authority data)*** နဲ့စပ်လျဉ်းတဲ့ လုပ်ဆောင်ချက်ဆိုပြီး နှစ်မျိုးခွဲပါတယ်။ ကတ်တလောက်ထဲက စာစုဆိုင်ရာ အချက်အလက်တွေဖြစ်တဲ့ သရုပ်ဖော်ချက်တွေကို သုံးပြီး ကိုယ့်လိုအပ်ချက်နဲ့ အကိုက်ညီဆုံးဖြစ်တဲ့ စာကိုရဖို့ စာရှာသူဟာ (၁) ရှာဖွေ ***(find)*** (၂) ခွဲခြားရွေးထုတ် ***(identify)*** ၊ (၃) စိစစ်ရွေးချယ် ***(select)*** နဲ့ (၄) ရယူတဲ့ ***(obtain)*** လုပ်ဆောင်ချက်လေးမျိုး လုပ်တယ်။ တစ်ခါ စာရှာသူမှာ သူ လိုချင်တဲ့စာနဲ့ စပ်လျဉ်းတဲ့ စိတ်ဝင်စားမှု ဦးတည်ရာ အုပ်စုသုံးမျိုးရှိတယ်လို့ ဆိုပါတယ်။ (၁) ဘယ်လို သုတရသ ဖန်တီးမှုလက်ရာမျိုးတွေ ရှိနေပါလိမ့် (စာအုပ်မှာ သိုမှီးပါရှိတဲ့ ဖန်တီးချက်ကို စိတ်ဝင်စား)၊ (၂) ဘယ်သူတွေကများ ဖန်တီးပါလိမ့် (စာရေးသူကို စိတ်ဝင်စား)၊ (၃) ဖန်တီးတဲ့အကြောင်းအရာက ဘာတွေများပါလိမ့် (ပညာရပ်ကို စိတ်ဝင်စား) ဆိုတဲ့ အုပ်စုသုံးမျိုး ဖြစ်ပါတယ်။ စာရှာသူရဲ့ ဒီစိတ်ဝင်စားမှုတွေကို ဖြည့်ဆည်းနိုင်ဖို့ ကတ်တလောက်သုံးမျိုးစာကြည့်တိုက်မှာ ရှိနေတာပါ။

အုပ်စုတစ်မျိုးချင်းစီမှာပါရှိတဲ့ ဖြစ်တည်မှုအသီးသီးကို အက်ဖ်အာဘီအာတွေးဆချက်စံပြပုံစံက ဖော်ထုတ်သတ်မှတ်ပေးပါတယ်။ အုပ်စု (၁) မှာ သုတရသဆိုင်ရာ အားထုတ်ဖန်တီးမှုရဲ့ရလဒ်ဖြစ်တဲ့ ဖန်တီးမှုလက်ရာ ***(work)***၊ ဖော်ကျူးချက် ***(expression)***၊ ပေါ်လွင်ထင်ရှားမှု/သရုပ်သကန် ***(manifestation)*** နဲ့ အရာ ***(item)*** ဆိုတဲ့ ဖြစ်တည်မှုတွေ

ပါတယ်။ စဉ်းစားတွေးတောမှုပြုခြင်းကြောင့် စိတ်အာရုံမှာဖြစ်တည်လာတဲ့ ခံစားချက်ကို ဖန်တီးမှုလက်ရာလို့ ခေါ်ပါတယ်။ အထည်ဒြပ်မရှိသေးပါဘူး။ စိတ်ခံစားချက်ကို အက္ခရာ၊ အသံ၊ လှုပ်ရှားမှု၊ အရာဝတ္ထု စသည်အားဖြင့် ဖော်ပြလိုက်တဲ့အခါမှာ ဖော်ကျူးချက် ဖြစ်လာပါတယ်။ ဖော်ကျူးချက်ဟာ အက္ခရာ/ အသံအားဖြင့် ဖြစ်ပါက ဘယ်ဘာသာစကားနဲ့လဲ။ အရာဝတ္ထုအားဖြင့် ဖော်ပြပါက ရုပ်တုဟာ သစ်သားလား၊ သတ္တုလား ဆိုတဲ့ ပေါ်လွင်ထင်ရှားမှုတစ်မျိုး ရှိလာပြန်ပါတယ်။ အဲဒီပေါ်လွင်ထင်ရှားမှုရဲ့ တစ်ခုတည်းသောစံအဖြစ်ရှိနေတဲ့ အထည်ဒြပ်ကို အရာ(တစ်ခု) လို့ သတ်မှတ်ပါတယ်။ အုပ်စု (၂) ဟာ သုတရသဖန်တီးမှုအတွက် တာဝန်ရှိသူ၊ ဖန်တီးထားချက်ကို ထုတ်ဝေသူ၊ ဖြန့်ချိသူ၊ ထိန်းသိမ်းသူတို့နဲ့ သက်ဆိုင်တာကြောင့် လူပုဂ္ဂိုလ် ***(persons)***၊ အဖွဲ့အစည်း ***(corporate bodies)*** တို့ဟာ အုပ်စု (၂) ရဲ့ ဖြစ်တည်မှုတွေပါ။ အုပ်စု (၃) ဟာ ပညာရပ်များ ***(subjects)*** ဖြစ်ပါတယ်။ သူ့ရဲ့ဖြစ်တည်မှုတွေမှာ အယူအဆ ***(concept)*** ၊ အရာဝတ္ထု ***(object)***၊ အဖြစ်အပျက် ***(event)*** ၊ နေရာဒေသ ***(place)*** တို့အပြင် အုပ်စု ၁ နဲ့ ၂ တို့ရဲ့ ဖြစ်တည်မှုအားလုံးလည်း ပါတယ်။ တစ်ခါ ဖြစ်တည်မှုအသီးသီးမှာ အရည်အသွေး ***(attribute)*** ဆိုတာ ရှိပြီး ဖြစ်တည်မှု တစ်ခုနဲ့တစ်ခုအကြားမှာ ဆက်နွယ်ချက် ***(relationship)*** ဆိုတာတွေ ရှိပါတယ်။ အရည်အသွေးဆိုတာ ကိုယ်လိုရာရင်းမြစ်ကို စိစစ်ခွဲခြမ်းပြီး ရွေးချယ်မှုလုပ်ရာမှာ အသုံးချနိုင်တဲ့ လက္ခဏာတစ်ရပ်ပါ။ ဆက်နွယ်ချက်ဆိုတာက အဲဒီလက္ခဏာရပ်တွေကို အသုံးချနိုင်လာအောင် စာရှာသူကို ကူညီပံ့ပိုးပေးတဲ့ အရာပါ။

အမည်ရင်း ဦးဘဂျမ်းဖြစ်တဲ့ စာဆို တင်မိုး (၁၉၃၃–၂၀၀၇) ရဲ့ စိတ်ခံစားမှုကြောင့် ပေါ်ပေါက်လာတဲ့ တစ်စုံတစ်ရာဟာ ဖန်တီးမှုလက်ရာပါ။ အဲဒါကို 'အကျည်းတန်ချစ်သူ' လို့ အမည်ပေးပြီး မြန်မာလို ကဗျာချရေးလိုက်တော့ ဖော်ကျူးချက် ဖြစ်လာတယ်။ မောင်သာနိုးကလည်း အင်္ဂလိပ်လို ဘာသာပြန်ပေးတော့ ဖော်ကျူးချက် နောက်တစ်မျိုး ဖြစ်လာတယ်။ ဖော်ကျူးချက်နှစ်မျိုးလုံးဟာ ကဗျာအသွင်ရှိလို့ ဘယ်လိုစာပေပုံစံဆိုတဲ့ အရည်အသွေး ***(attribute)*** ရှိကြတယ်။ ဘာသာစကားအားဖြင့်ကြည့်ရင် မြန်မာလို အင်္ဂလိပ်လို ဆိုတဲ့ အရည်အသွေး နောက်တစ်မျိုးစီ အသီးသီးရှိလာပြန်တယ်။ အကျည်းတန်ချစ်သူကဗျာနဲ့အတူ တင်မိုးရဲ့အခြားကဗျာ ၆၉ ပုဒ် စုစည်းပြီး 'လှေတစ်စင်းနဲ့ ခရီးသည်' အမည်နဲ့ မန္တလေး သပြေစာအုပ်တိုက်က ၁၉၆၃ မှာ ပုံနှိပ်ထုတ်ဝေလို့ ပေါ်လွင်ထင်ရှားမှုဆိုတဲ့ ဖြစ်တည်မှု ရှိလာတယ်။ အထည်ဒြပ်ပေါ်လာလို့ အရာ(တစ်ခု)ဆိုတဲ့ ဖြစ်တည်မှုလည်း တစ်ပြိုင်တည်း ရှိလာပါတော့တယ်။ မောင်သာနိုးရဲ့ အင်္ဂလိပ်ဘာသာပြန်ချက်ကို ***Songster in a Boat Poems*** အမည်နဲ့ မြန်မာကဗျာတွေရဲ့နောက်မှာ တစ်ဆက်တည်း ထည့်ပေးထားတယ်။ မန္တလေး ကမ္ဘာ့ခေတ်စာပေက ၁၉၆၅ မှာ ဒုတိယအကြိမ်၊ ရန်ကုန် သန်းဌေးစာပေက ၁၉၇၂ မှာ တတိယအကြိမ် ပုံနှိပ်ထုတ်ဝေတယ်။ တင်မိုးရဲ့ 'အကျည်းတန်ချစ်သူ'၊ 'အလှကိုယ်စီ' ကဗျာနှစ်ပုဒ်ရဲ့ စာသားအနည်းအပါး၊ အနှစ်သားများများယူကာ သီချင်းရေးသူ ကိုလေးညွန့်က 'အကျည်းတန်ချစ်သူ' အမည်နဲ့ပဲ ရေးဖွဲ့တဲ့သီချင်းကို အဆိုတော်မောင်မောင်ကြီးက သီဆိုတယ်။ စီဒီအသွင်ဖြင့် ထုတ်လုပ်ဖြန့်ချိခဲ့တယ် ဆိုပါစို့။ ဒီသီချင်းကိုပဲ ဖိုးသောကြာ သီဆိုကာ ကျားမစုံတွဲက တေးသွားနဲ့အညီ သရုပ်ဆောင်ပေးတယ်။ ဒီဗီဒီအဖြစ်လည်း ထုတ်လုပ်ဖြန့်ချိတယ်။

အမည်ရင်း ဒေါ်ခင်စုဖြစ်တဲ့ စာရေးဆရာမကြီး ခင်နှင်းယု (၁၉၂၅–၂၀၀၃) ဟာ အတွေးတစ်စကိုမှီပြီး ရသဖန်တီးမှုလက်ရာအဖြစ် ဝတ္ထုတစ်ပုဒ် မွေးထုတ်ပါတယ်။ မြန်မာလိုရေးပြီး 'မွေး' လို့ အမည်ပေးတယ်။ ၁၉၅၉ မှာ ရန်ကုန် ရှုမဝစာပေတိုက်က ပုံနှိပ်ထုတ်ဝေတယ်။ လူကြိုက်များလို့ အကြိမ်ကြိမ် ထုတ်ရတယ်။ ၁၂ ကြိမ်မြောက်ကို ၂၀၀၈ မှာ ရန်ကုန် သင်းစာပေက ထုတ်တယ်။ အရှေ့ဂျာမနီမှာ ဘာသာပြန်တယ်။ သူ့မှာတော့ အဲဒီဘာသာပြန်စာအုပ် မရှိဘူးလို့ ဆရာမကြီး ခင်နှင်းယုက ပြောဖူးတယ်လို့ သိရပါတယ်။ 'မွေး'အမည်နဲ့ပဲ ရုပ်ရှင်ကား သုံးကြိမ်ရိုက်ကူးတယ်။ ဒါရိုက်တာ ဦးချစ်ခင်က သရုပ်ဆောင် ကျော်ဆွေ၊ မြင့်မြင့်ခင်၊ ထွန်းဝေတို့နဲ့ ရိုက်တာကို (၁၉၆၅) မှာ ရုံတင်တယ်။ ဒါရိုက်တာ (ဦးကကြီး) ရိုက်ပြီး ကျော်သူ၊ မိုးမိုးမြင့်အောင်တို့ ပါတဲ့ ရုပ်ရှင်ကို (၁၉၈၀)၊ ဒါရိုက်တာ (ဦးခွေး) ရိုက်ပြီး (ဇော်နန္ဒထွန်း၊ စုမိစန္ဒြာ၊ ကေလွင်အောင်) တို့ပါတဲ့ ရုပ်ရှင်ကို (၂၀၀၁) မှာ ရုံတင်ပြခဲ့တယ် ဆိုပါစို့။ ပထမရုပ်ရှင်ကားကို ဖလင်မှာ သိုမှီးမှတ်တမ်းတင်ထားတယ်။ ဒုတိယကို ဗီဒီယိုကက်ဆက်ခွေ၊ တတိယကို ဒီဗီဒီအနေနဲ့ ထုတ်လုပ်ဖြန့်ချိခဲ့တာဖြစ်ပြီး မြန်မာ့အသံဓာတ်ပြားတိုက်က ကတ်တလောက်တင်ကာ ထိန်းသိမ်းထားတယ် ဆိုပါစို့။ ဒါတွေဟာ ခင်နှင်းယုရဲ့ ရသဖန်တီးမှု မူလလက်ရာ 'မွေး'ကနေ ဖြန့်ထွက်လာတဲ့ ဖြစ်တည်မှုတွေပါ။

အက်ဖ်အာဘီအာတွေးဆချက် စံပြုပုံစံအရ 'မွေး' ကို ကတ်တလောက်တင်ဖို့အတွက် သူ့ရဲ့ဖြစ်တည်မှု ***(entity)*** တွေ၊ ဖြစ်တည်မှုတွေရဲ့ အရည်အသွေး ***(attribute)*** နဲ့ ဆက်နွယ်ချက် ***(relationship)*** တွေကို ကြည့်ပါမယ်။ သဒ္ဒါဝေါဟာရနဲ့ပြောရင် ဖြစ်တည်မှုဆိုတာက နာမ်၊ အရည်အသွေးက နာမဝိသေသန၊ ဆက်နွယ်ချက်က ကြိယာပါ။ ခင်နှင်းယုဟာ လူပုဂ္ဂိုလ် ***(person)*** ဆိုတဲ့ ဖြစ်တည်မှုတစ်ခု၊ သူ့ရဲ့အရည်အသွေးတွေထဲက တစ်ခုဟာ မွေးသေခုနှစ်ပါ။ ဖြစ်တည်မှု 'ခင်နှင်းယု'နဲ့ အခြားဖြစ်တည်မှု မွေးအမည်ရှိ စာအုပ်ဆိုတဲ့ အရာ ***(item)*** တို့ကြားမှာ ခင်နှင်းယုဟာ မွေးကို ရေးတဲ့

သူ (***author of***)၊ မွေးဟာ ခင်နှင်းယုရဲ့ ရေးသားခြင်းခံရ (***written by***) ဆိုတဲ့ ဆက်နွယ်ချက် ရှိတယ်။ ခင်နှင်းယုရဲ့ စိတ်အတွင်းဖန်တီးမှုလက်ရာ (***work***) နဲ့ အဲဒါကို စာနဲ့ ချရေးလိုက်လို့ ဖြစ်လာတဲ့ ဖော်ကျူးချက် (***expression***) ကြားမှာ သိရှိစေခြင်း (***is realized through***) ဆိုတဲ့ ဆက်နွယ်ချက် ရှိတယ်။ ဖော်ကျူးချက်ရဲ့ အရည်အသွေးတွေဟာ စာသား/ အသံအားဖြင့်၊ ဘာသာစကားအားဖြင့်၊ ဝတ္ထု/ကဗျာ/ပြဇာတ် စာပေပုံစံတို့အားဖြင့် တစ်မျိုးမကရှိနိုင်ပါမယ်။ ဖြစ်တည်မှု 'မွေးဝတ္ထုစာအုပ်'နဲ့ ဖြစ်တည်မှု 'မွေးရုပ်ရှင်ကား' တို့ကြားမှာ အသွင်ပြောင်းခြင်း (***transformation of***) ဆိုတဲ့ ဆက်နွယ်ချက် ရှိမယ်။ အဲဒီဖန်တီးထားချက်တွေကို မတူညီတဲ့ ဖလင်၊ စီဒီ၊ ဒီဗီဒီတို့နဲ့ ထုတ်လုပ်ထားလို့ သိမ်းသယ်ပိုးရာအခံပစ္စည်း (***carrier***) ကွဲပြားမှုတွေဟာ အရည်အသွေးအဖြစ် ရှိနေပါမယ်။

ဒါတွေဟာ စာကြည့်တိုက်သမား သိပြီးသားချည်းပါ။ ဘာတွေများ ထပ်သိဖို့ လိုပြန်တာလဲ။ ရင်းမြစ်သရုပ်ဖော်ရာမှာ နိုက်နိုက်ချွတ်ချွတ် ဖော်ပြပေးနိုင်ဖို့ အာဒီအေက ရေကုန်ရေခန်းကြိုးပမ်းထားတယ်။ အာဒီအေကို နားလည်ဖို့ မလုံးပန်းရင်၊ နောက်ကျန်နေရစ်ခဲ့တော့မှာ သေချာတယ်။

ကိုးကားချက်

၁။ 'မွေး' ဆိုင်ရာ အချက်အလက်များကို ဒေါ်ခင်နှင်းဦး၊ ဒေါက်တာလှိုင်လှိုင်ကြီး၊ ဒေါ်ခင်အေးမူ၊ 'လေ့တစ်စင်း ...' ဆိုင်ရာအချက်အလက်များကို ဒေါက်တာလှိုင်လှိုင်ကြီး (တို့က ဖြည့်ဆည်းပေးသဖြင့် အထူးကျေးဇူးတင်လျက် ရှိနေပါသည်။)

၂။ အလင်္ကာ၊ ကို။ 'အကျည်းတန်ချစ်သူ' စံတော်ချိန် နေ့စဉ်။ (၂၇၊ ၉၊ ၂၀၂၁) စာ ၁၁၊ ၁၅။

၃။ 'အာဒီအေထဲက တွေးဆချက်'။ မစသသတင်းလွှာ။ အမှတ်–၃၇ (နိုဝင်ဘာလ ၂၀၁၉) ပါ ကိုးကားချက်။ အမှတ် ၁–၃၊ ၅။

## ရတနာကျွန်းသို့

ကြည်သိန်းဇော်

ပညာသမာ
အာဘာနတ္ထိ၊
ပညာကို ရအောင်ကြိုးမှ
မြတ်မျိုးဂုဏ်တည့်။

သုတနှင့် ရသစာ
သည်နေရာ အကုန်ရှိ၊
လိုချင်ရာ အကြိုက်ရွေး
မနေးရာကြည့်။

အမွန်မြတ်မှန်စွာ
ရတနာအပြည့်၊
စာထွေထွေအမွေသိုက်
သည်တိုက်မှာရှိ။

နည်းဖြာဖြာ ရှာဖွေလှစ်
ပညာခေတ် ဆန်းသစ်ချိန်၊
သူ့ထက်ငါ အစွမ်းထက်မှ
လင်းလက်ရောင်ထိန်၊
ပညာမဲ့ လဲ့မရှိန်
ဂုဏ်သိန်ဖြင့် မပဝင်း၊
အဆင်းလှစွာနဲ့
သင်းမြစွာ ကြူကြူလွင်ဖို့
ခန်းဝင်ကာ စာပေမွှေ့ကြလျှင်
ဂုဏ်လှဘိခြင်း။ ။

## စာကြည့်တိုက်

ကန့်ဘလူဖြူစင်ဝင်း

မြင့်သထက် မြင့်ရာသို့
မြှင့်ကာပို့ လမ်းပြဆောင်ရာ။
အကောင်းအဆိုးကိုလာ့
ကြောင်းကျိုးမှန် ခွဲခြားတတ်ပါသည့်
မြတ်သောပညာ။

ထိုပညာတွေ တည်ရှိကာ
သီရိကမ္ဘာ အလှစုံပျိုး။
ဘယ်ခါမဆို လက်ကမ်းကြိုလို့
မျက်နှာပန်းချိုချို စာကြည့်တိုက်
နှစ်ခြိုက်မြတ်နိုး။ ။

# အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက်အသင်းများ အဖွဲ့ချုပ်၏ အာရှနှင့် ကျွန်းစုများဆိုင်ရာ ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲ

**မြတ်စန်းငြိမ်း**




၂၀၂၂ ခုနှစ် နိုဝင်ဘာလ၊ ၁၄ မှ ၁၆ ရက်နေ့များတွင် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း ဒုတိယ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူထားသော ကျွန်မသည် မြန်မာနိုင်ငံ စာကြည့်တိုက် အသင်းကိုယ်စား ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ အမျိုးသား စာကြည့်တိုက်တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက်အသင်းများ အဖွဲ့ချုပ် ***(International Federation of Library Association: IFLA)*** ၏ အာရှနှင့် ကျွန်းစုများဆိုင်ရာ ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။ ခရီးစဉ်အတွက် ရန်ပုံငွေကို ***IFLA*** မှ ပံ့ပိုးပေးခဲ့ပါသည်။

***IFLA*** သည် စာကြည့်တိုက်များ၏ အကျိုးစီးပွားများနှင့် ကမ္ဘာတစ်ဝန်းရှိ စာကြည့်တိုက်ဆိုင်ရာ ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာစေရန် လုပ်ဆောင်နေသည့် ကမ္ဘာလုံးဆိုင်ရာ စာကြည့်တိုက်များ၏ ကိုယ်စားပြုအဖွဲ့အစည်းတစ်ရပ် ဖြစ်ပါသည်။ ခိုင်မာသောအသင်းဝင်မှု၊ တက်ကြွသော ပညာရပ်ဆိုင်ရာ အသိုင်းအဝိုင်းတစ်ခုနှင့် မိတ်ဖက်အဖွဲ့များ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် ကျွန်တော်/ ကျွန်မတို့အားလုံး အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက် အသင်းများ အဖွဲ့ချုပ် ***IFLA*** သည် စာကြည့်တိုက် အသုံးပြုသူများအတွက် သတင်းအချက်အလက် အကျိုးစီးပွားဝန်ဆောင်မှုများကို ကိုယ်စားပြုပါသည်။ ဤအသင်းသည် အစိုးရအဖွဲ့အစည်းမဟုတ်၊ အကျိုးအမြတ်အတွက်လည်း မဟုတ်သော လွတ်လပ်သည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

***IFLA*** တွင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၃၅ နိုင်ငံမှ တက်ကြွလှုပ်ရှားသူအဖွဲ့ဝင်ပေါင်း ၁၄၀၁ ဦး အထိ ရှိနေပြီဖြစ်ပါသည်။ နိုင်ငံပေါင်း ၁၀၀ မှ စာကြည့်တိုက်ကျွမ်းကျင်ပညာရှင်ပေါင်း ၁၁၀၀ ပါဝင်ပြီး ကော်မတီပေါင်း ၆၅ ခုအထိ ဖွဲ့စည်းထားပါသည်။ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းသည် ၂၀၀၇ ခုနှစ်မှ စတင်၍ ***IFLA*** အသင်းဝင်ဖြစ်လာခဲ့ပါသည်။

ဒေသတွင်းရှိ ***IFLA*** အဖွဲ့ဝင်များကို ကိုယ်စားပြုသည့် ကိုယ်စားလှယ် အယောက် ၅၀ သည် ဤအလုပ်ရုံဆွေးနွေးပွဲတွင် သုံးရက်ကြာ တွေ့ဆုံခဲ့ကြပါသည်။ နိုင်ငံပေါင်း ၂၈ နိုင်ငံမှ ကိုယ်စားလှယ်များ၊ အလယ်ပိုင်း၊ အရှေ့၊ တောင်နှင့် အရှေ့တောင်အာရှ၊ သမုဒ္ဒရာပိုင်း၊ အီရန်၊ ဥဇဘက်ကစ္စတန်နှင့် အနောက်ဘက်ရှိ ကာဇက်စတန်နိုင်ငံ၊ ဖီဂျီ၊

တာနူအာတူ၊ ဂူအမ်*(Guam)* နှင့် အရှေ့ဘက်ရှိ မာရီယာနာကျွန်းစုများအပါအဝင်ပစိဖိတ်ကျွန်းနိုင်ငံများမှ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ***IFLA*** ၏ ဥက္ကဋ္ဌ ***Ms. Babara Lison*** (ဂျာမနီ)၊ ***IFLA*** ဒေသဆိုင်ရာကောင်စီ ဥက္ကဋ္ဌ ***Nthabiseng Kotso Koane*** (တောင်အာဖရိက) နှင့် နယ်သာလန်နိုင်ငံမှ ***Mr.Stephen Wiber (IFLA Director, Policy and Advocacy)*** နှင့် ***Ms. Kristine Pabenga Ramainreg, Engagement officer*** တို့က ဦးဆောင်ဆွေးနွေးခဲ့ကြပါသည်။

ဤအလုပ်ရုံဆွေးနွေးပွဲတွင် ဒေသတွင်း ရေရှည်တည်တံ့သော စာကြည့်တိုက်နယ်ပယ်ကို သတ်မှတ်ခြင်းနှင့် တည်ဆောက်ခြင်း၊ အစိုးရအဖွဲ့အစည်းများအပါအဝင် ရန်ပုံငွေပံ့ပိုးသူများနှင့် တွေ့ဆုံသည့်အခါ အသုံးပြုရန် စည်းရုံးရေးစွမ်းရည်များ ဖော်ဆောင်ခြင်း၊ စာကြည့်တိုက်များ၏ အကျိုးသက်ရောက်မှုများကို အကဲဖြတ်ခြင်းနှင့် သရုပ်ပြခြင်းတို့ပါဝင်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲသည် ဒေသတွင်းရှိ စာကြည့်တိုက် ခေါင်းဆောင်များအကြား ကွန်ရက်ချိတ်ဆက်ခြင်းနှင့် ချိတ်ဆက်မှု တည်ဆောက်ခြင်းတို့ကို အချိန်ပေးဆွေးနွေးကြပါသည်။

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက်

- စာကြည့်တိုက်ဝန်ဆောင်မှုဖြင့် လူသားတို့၏ဘဝကို မြှင့်တင်ရန်
- စာကြည့်တိုက်များ ရေရှည်တည်တံ့ရန် မှန်ကန်သော ခြေလှမ်းများဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် – ဟူသည့် အချက် ၂ ချက်ကို လေ့လာခဲ့ကြပါသည်။

ဒုတိယမြောက်နေ့တွင် ဘန်ကောက်မြို့ရှိ အာရှ ပစိဖိတ် ဒေသဆိုင်ရာ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကော်မရှင် ***(UN ESCAP)*** ရုံးချုပ်တွင် ***UNESCO*** နှင့် ***UN ESCAP*** မှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ၂၀၂၀ လုပ်ငန်းစဉ်များ အရှိန်အဟုန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကုလသမဂ္ဂ၏ ဦးစားပေး အစီအစဉ်များအကြောင်း လေ့လာခွင့် ရခဲ့ပါသည်။ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေး ပန်းတိုင်များ ***(Sustainable Development Goals)*** အနက် အရည်အချင်းပြည့်ဝသော ပညာရေးကဏ္ဍကို ဖော်ဆောင်နေသည့် ‘မြန်မာနိုင်ငံ၏ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း’ အကြောင်း ဟောပြောရန် ဖိတ်ကြားခံရပါသည်။ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းကိုယ်စား ဒုတိယ ဥက္ကဋ္ဌ – ၁ တာဝန်ယူထားသည့် ကျွန်မ တင်ပြ ဆွေးနွေးခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် အာရှသမုဒ္ဒရာပိုင်း ဒေသတစ်ဝန်းရှိ စာကြည့်တိုက်များနှင့် စာကြည့်တိုက်အသင်းများ ဦးဆောင်သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပဏာမခြေလှမ်းများအကြောင်းကို လေ့လာရန် တန်ဖိုးရှိလှသည့် အခွင့်အရေးကောင်းတစ်ခု ဖြစ်ပါသည်။ တက်ရောက်လာကြသော ကိုယ်စားလှယ်များသည် နိုင်ငံဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းများနှင့် ပတ်သက်၍ ထိုးထွင်း သိမြင်မှုနှင့် အကြံဉာဏ်များကို မျှဝေပေးခဲ့ကြသည်။ ကိုယ်စားလှယ်များသည် ဘုံစိန်ခေါ်မှုများ၊ ဥပမာအားဖြင့် စာကြည့်တိုက်တွင် ကျွမ်းကျင်ဝန်ထမ်း များတည်မြဲရန် ဆွဲဆောင်ခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာစိန်ခေါ်မှုများ၊ စာကြည့်တိုက်များအတွက်လေ့ကျင့်ရေးအခွင့်အလမ်းများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ တစ်သက်တာ လေ့လာသင်ယူခြင်းတို့ကို ပံ့ပိုးပေးရန် လိုအပ်ကြောင်းစသဖြင့် ဆွေးနွေးခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စာကြည့်တိုက်များသည် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် ကြီးမားသော မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြောင်း ထပ်လောင်းအသိပေးပါသည်။ ကျွန်တော်/ ကျွန်မတို့သည် များစွာသော သူတို့အား လက်လှမ်းမီနိုင်စေသော နည်းလမ်းများဖြင့် ကျွန်တော်/ကျွန်မတို့၏ အသိုင်းအဝိုင်းအတွက် အဓိပ္ပာယ်ရှိသော အချက်အလက်များကို ပံ့ပိုးနိုင်ပါသည်။

ကျွန်တော်/ကျွန်မတို့သည်အသုံးပြုသူများ၏ပြဿနာကို ဦးစွာနားလည်သဘောပေါက်ပြီးနောက် စာကြည့်တိုက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် လိုချင်သော ရလဒ်များအား မည်သို့အထောက်အကူပြုနိုင်သည်ကို လက်တွေ့ပြသရန် လိုအပ်ပါသည်။ ရလဒ်များအကြား ခြားနားချက်များကို ပိုမိုနားလည်သဘောပေါက်ရန်လိုအပ်ပြီးကျွန်တော်/ကျွန်မတို့၏ အလုပ်သည် လူတို့၏အသိပညာ၊ ကျွမ်းကျင်မှု၊ သဘောထား၊ အမူအကျင့်များနှင့် လူနေမှုဘဝ အရည်အသွေးတို့ကို မည် သို့ပြောင်းလဲစေကြောင်း သက်သေပြရန် အထောက်အထားများကို စုဆောင်းရန် လိုအပ်ပါကြောင်း ဆွေးနွေးခဲ့ကြပါသည်။

***IFLA*** ၏ ရည်ရွယ်ချက်ပန်းတိုင်များနှင့် တန်ဖိုးများအတွက် အားလုံးစည်းလုံးညီညွတ်ကြရန် လိုအပ်ပါကြောင်း၊ မည်သည့်နေရာတွင်ဖြစ်စေ၊ မည်သည့်စာကြည့်တိုက်အမျိုးအစားပင်ဖြစ်စေ၊ မည်သို့သော အတွေ့အကြုံရှိသည့် စာကြည့်တိုက်ဖြစ်ပါစေ၊ စာကြည့်တိုက်များ၏တန်ဖိုးနှင့် အခန်းကဏ္ဍရေရှည် တည်မြဲစေရန် လေးနက်စွာဆွေးနွေးခဲ့ကြပါကြောင်း အလုပ်ရုံဆွေးနွေးပွဲ အနှစ်ချုပ်ကို မျှဝေလိုက်ရပါသည်။

***Presentations from the event are available from the IFLA repository.***

***Photos from the event are available from IFLA's Flicker stream.***

***Read more about the workshop on IFLA news site.***

# အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံ၏ ထူးချွန်စာကြည့်တိုက်မှူးဆု




အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံတွင် အဖွဲ့ဝင်နိုင်ငံများ၏ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ တိုးတက်အောင်မြင်စေရန် နိုင်ငံတွင်း၊ အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာတို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသော အရည်အချင်းပြည့်မီသည့် စာကြည့်တိုက်မှူးများကို စိစစ်ရွေးချယ်ပြီး ဆုများပေးလေ့ ရှိပါသည်။ ၁၈ ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံတွင်လည်း၊ ထူးချွန်ပြောင်မြောက်စွာ စာကြည့်တိုက်လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်စာကြည့်တိုက်မှူးများအား ရွေးချယ်ပြီး ဆုများပေးအပ် ချီးမြှင့်ခဲ့ပါသည်။

ဆုပေးအပ်ပွဲအခမ်းအနားတွင် ထူးချွန်စာကြည့်တိုက်မှူးရွှေတံဆိပ်ဆုနှင့် ငွေတံဆိပ်ဆု ရရှိသူများအဖြစ် ကြေညာပြီး ဆုများပေးအပ်ခဲ့ပါသည်။ ရွှေတံဆိပ်ဆုကို မလေးရှားနိုင်ငံက ရရှိပြီး ငွေတံဆိပ်ဆုကို မြန်မာနှင့် ထိုင်းနိုင်ငံများမှ စာကြည့်တိုက်မှူး ၂ ဦးက ရရှိခဲ့ပါသည်။ ဆုရရှိသော စာကြည့်တိုက်မှူးများကို ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဒု-ဥက္ကဋ္ဌ (၁) ဒေါ်မြတ်စန်းငြိမ်းသည်ထူးချွန်စာကြည့်တိုက်မှူးငွေတံဆိပ်ဆုကို ရရှိခဲ့သဖြင့် ဒေါ်မြတ်စန်းငြိမ်းအား ငွေတံဆိပ်ဆု ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

***CONSAL*** ညီလာခံ၏ ထူးချွန်စာကြည့်တိုက်မှူးဆုအတွက် အဖွဲ့ဝင်နိုင်ငံတိုင်းက မိမိတို့နိုင်ငံအတွက် အဆိုပြုလိုသည့် စာကြည့်တိုက်မှူးကို ရွေးချယ်ပေးပို့ရပါသည်။ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအတွက် နိုင်ငံတွင်း၊ အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာ အသိုက်အဝန်းများတွင် အရေးပါသော ပံ့ပိုးကူညီမှု၊ ပါဝင်လုပ်ဆောင်မှု၊ ***CONSAL*** အဖွဲ့ဝင်နိုင်ငံများ၏ စာကြည့်တိုက်များအကြား ဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်မှုကို တိုးတက်စေအား လုပ်ဆောင်မှု အစရှိသည့် အရည်အချင်းရှိသော စာကြည့်တိုက်မှူး တစ်ဦးကို စာကြည့်တိုက်အသင်းနှင့် အမျိုးသားစာကြည့်တိုက်က ပူးပေါင်းအကဲဖြတ်ပြီး ***CONSAL*** ရုံးသို့ အမည်စာရင်း တင်သွင်းရပါသည်။

အဆိုတင်သွင်းသူက အမည်စာရင်း တင်သွင်းခံရသည့်သူ၏ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးများတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားမှု၊ လူ့ဘောင်အဖွဲ့အစည်းအတွက် အကျိုးသက်ရောက်မှုရှိစေရန် ဆောင်ရွက်နိုင်မှု စသည့် အချက်အလက်များနှင့်တကွ သက်ဆိုင်ရာနိုင်ငံရှိ စာကြည့်တိုက်အသင်းဥက္ကဋ္ဌနှင့် အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူးတို့၏ ထောက်ခံမှုလက်မှတ်ကိုပါ ပူးတွဲပေးပို့ရပါသည်။ အမည်စာရင်းတင်သွင်းခံရသည့်သူကလည်း မိမိ၏ကိုယ်ရေးရာဇဝင်၊ အောင်မြင်မှုများ၊ စာကြည့်တိုက်လုပ်ငန်းအတွက် ပံ့ပိုးကူညီမှုများနှင့်တကွ လိုအပ်သော အထောက်အထားများ၊ ဥပမာ ယခင်လုပ်ခဲ့သော စာကြည့်တိုက်လုပ်ငန်းများမှ ရရှိခဲ့သော ဆုလက်မှတ်များ ***(award certificate)*** များကိုလည်း တင်သွင်းပေးရပါသည်။ အဖွဲ့ဝင်နိုင်ငံများ ပါဝင်ဖွဲ့စည်းထားသည့် ထူးချွန်စာကြည့်တိုက်မှူးဆု ရွေးချယ်ရေးအဖွဲ့က သတ်မှတ်ထားသော စံထားမှုများနှင့်အညီ အဖွဲ့ဝင်နိုင်ငံအသီးသီးမှ စိစစ်ရွေးချယ် တင်သွင်းလာသည့် စာကြည့်တိုက်မှူးများအား အမှတ်ပေးရွေးချယ်ရခြင်း ဖြစ်ပါသည်။

စာကြည့်တိုက်ဝန်ဆောင်မှုများကို မြှင့်တင်ပေးမှု၊ စာကြည့်တိုက်မှူးများ အရည်အသွေးတိုးတက်မှု၊ စာကြည့်တိုက်များအကြား ပူးပေါင်းဆောင်ရွက်မှုတို့ကို နိုင်ငံတွင်း၊ အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာစီမံကိန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသူ၊ အကောင်းဆုံးကြိုးစားအားထုတ်နေသူဖြစ်သော အသင်း ဒု-ဥက္ကဋ္ဌ (၁) ဒေါ်မြတ်စန်းငြိမ်းကို ***CONSAL*** ထူးချွန်စာကြည့်တိုက်မှူး ငွေတံဆိပ်ဆု ချီးမြှင့်ခံရခြင်းအတွက် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းက ချီးကျူးဂုဏ်ပြုအပ်ပါသည်။

# အရှေ့တောင်အာရှ၏ ငွေကြယ်တစ်ပွင့်

စိုးစိုးလင်း

ပြည်မြန်မာ အာရှတစ်လွှား
ဝင့်ကြွားလို့ ဂုဏ်ယူစရာ
ထင်ပေါ်လို့ စင်တော်ကောက်
တစ်ယောက်သောသူ
ပဟာသည်မှာ
လက်ဆွဲကာ ပြလိုက်မယ်
သူ့အသွင်ထင်ရှား
မြတ် တစ်သွယ်
စန်း တင့်
ငြိမ်းအေးသည့်အသွင်
ကြည်လင်တဲ့ အသင်းစု
စာကြည့်တိုက်နဲ့ သုတပညာ
မြှင့်တင် 'သူ' ထိပ်ဆုံးက
ဉာဏ်သွေးထည် တဝင့်ဝင့်
ပင်ကိုရည်ထွန်းမြလို့
တောက်ပလာ ကြယ်တစ်ပွင့်ပမာ
'ဆု' ပေးလှာ ပေစာတင်လို့
သမိုင်းတို့တင့်တယ်
ရေးကြဖွယ် မင်ရည်'တို့'
ချစ်ခြင်းမှာ မြတ်နိုးမှု
ထပ်ဆင့်လို့ ဂုဏ်ပြုကြစို့
အတူတူ တို့များ
တွဲထား သည်လက်များတို့
နောင်တက်လူ
လက်ဆင့်ကမ်းရအောင်
ကြွေးကြော်စို့လား။ ။

**ချစ်သူငယ်ချင်းသို့ ချစ်ခြင်းဖြင့် ဂုဏ်ပြုရေးဖွဲ့ပါသည်။**

# "Silver! That she is!"

**SOE SOE LIN**

A star - shining bright
Tonight as well,
Like the other days
Driving away all what
Dark and its might.

Silver star,
Entitled this one:
Typically deserved for
Such a light.
Prevailing the path
To later ones
That step on what
They've in sight.

Metaphorically
There stands ours -
The 'Library and Info Studies'
Alias
'Myanmar Library Association'
Brightest itself at height;
Light and Right
Quite pride
Led beforehand by those
Learned Knights!

Now onwards to those
Future Brights!

The sky if they fit
The star that 'She' is!

*Honouring to our Vice President,*
*'MYAT SANN NYEIN'*
*for winning the prize,*
*'Outstanding Librarianship Award'*
*(Silver Award)*
*CONSAL XVIII (29 - 30 Nov. 2022)*

# စာကြည့်တိုက်များတွင် ထိရောက်သော ဝန်ဆောင်မှုပေးသူ

**ဖြူ(စာ/သု-မန်း) - မွေး/ဆေးတက္ကသိုလ်**




စာကြည့်တိုက်တစ်ခုတွင် အဓိကဖန်တီးသူသည် စာကြည့်တိုက်မှူးဖြစ်ပြီး စာကြည့်တိုက်တွင်ရှိသော စာအုပ်များ၊ သတင်းအချက်အလက်များနှင့် အသုံးပြုသူများကြားမှာ ဆက်သွယ်ပေးသူလည်း ဖြစ်ပါသည်။ ထို့ကြောင့် စာကြည့်တိုက်မှူးသည် ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် စာအုပ်များနှင့် အသုံးပြုသူများအတွက် လုပ်ငန်းခွင်ဆိုင်ရာ အသိပညာရှိရန် လိုအပ်ပါသည်။ စာကြည့်တိုက်မှူးသည် စာကြည့်တိုက်ရှိ သတင်းအချက်အလက်နှင့် သုံးစွဲသူများကြား တံတားတစ်စင်းအဖြစ် တည်ဆောက်ပေးနိုင်ရန် လိုအပ်ပါသည်။

စာကြည့်တိုက်သည် စာဖတ်ခြင်း၊ လေ့လာခြင်းနှင့် ကိုးကားရန် ရည်ရွယ်ချက်ဖြင့် စုစည်းထားသောစာအုပ်များနှင့် အခြားသတင်းအချက်အလက်များ စုစည်းရာ နေရာတစ်ခုလည်း ဖြစ်ပါသည်။ စာကြည့်တိုက်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းမှာ စာကြည့်တိုက်မှူး၏ အရေးပါးသော အခန်းကဏ္ဍတစ်ခု ဖြစ်လာပါသည်။ ***Ranganathan (1931)*** က သူ၏ သိပ္ပံစာကြည့်တိုက်တွင် 'စာအုပ်များသည် အသုံးပြုရန် ဖြစ်သည်' ဟု ဖော်ပြထားပြီး တစ်နည်းအားဖြင့် ဆိုရသော် စာကြည့်တိုက်မှူးသည် စာရှာသူ၏ လိုအပ်သော သတင်းအချက်အလက်ကို လက်လှမ်းမီသမျှ အမြန်ဆုံးရှာဖွေနိုင်ရမည်ဟု ဖော်ပြထားပါသည်။

ထို့ကြောင့် စာရှာသူများကို ကူညီရန် အမြဲအဆင်သင့်ရှိနေရပါမည်။ စာအုပ်များကို ရှာဖွေပေးပြီးနောက်တွင် ထိုင်ပြီး အနားယူရန် မမျှော်လင့်ထားဘဲ အသုံးပြုသူများကို တတ်နိုင်သမျှ ကူညီပေးရန်သာ ဖြစ်သည်။ ရည်ညွှန်းစာဖတ်ခန်းသည် စာကြည့်တိုက်အတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ဝန်ဆောင်မှုအနေဖြင့် စာဖတ်သူနှင့် အဆက်မပြတ် ဆက်သွယ်နေရပါသည်။ စာကြည့်တိုက်မှူးသည် အသုံးပြုသူများနှင့် ဆက်သွယ်နိုင်သော နည်းလမ်းမှာ စာကြည့်တိုက်နှင့် ပတ်သက်သော အကြောင်းများကို များစွာ ပြောဆိုနိုင်ရပါသည်။

## စာကြည့်တိုက် အသုံးပြုသူများ

ပညာရေးစာကြည့်တိုက်များတွင် အဓိကအသုံးပြုသူများမှာ စာပေကို စိတ်ဝင်စားသူများ၊ သုတေသီများ၊ ကျောင်းသားများ၊ ဆရာများနှင့် ပညာရေး အသိုင်းအဝိုင်း တစ်ခုလုံးဟု ပြောနိုင်ပါသည်။ ပြည်သူ့စာကြည့်တိုက်များတွင် အသုံးပြုသူများကို အမျိုးအစားခွဲခြားခြင်းကို အတိအကျ သတ်မှတ်၍ မရပါ။ အဘယ်ကြောင့်ဆိုသော် စာကြည့်တိုက်ကို အသုံးပြုသူများသည် နောက်ခံအမျိုးမျိုးရှိပြီး စိတ်ဝင်စားသူများဖြင့်သာ ဖွဲ့စည်းထားသောကြောင့် သာမန် အများပြည်သူမှ ရေးဆွဲထားခြင်း ဖြစ်ပါသည်။ အိမ်ရှင်မများ၊ အစိုးရဝန်ထမ်းများ၊ ကျောင်းသားများ၊ စီးပွားရေးလုပ်ငန်းရှင်၊ ဆရာများ၊ ကလေးများ စသည်တို့ ပါဝင်သည်။ ပြည်သူ့စာကြည့်တိုက်များတွင် လုပ်ငန်းခွင်ဆိုင်ရာအသိပညာရှိသည့်စာကြည့်တိုက်မှူးသည် အသုံးပြုသူတို့အတွက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုကို ပေးနိုင်မည် ဖြစ်ပါသည်။

စာရှာသူများ၏ အချက်အလက်များကို မေးခွန်းလွှာ၊ အင်တာဗျူးမေးသော မေးခွန်းများကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သင်ရိုးညွှန်းတမ်းနှင့် စာကြည့်တိုက်မှူး၏ ကိုယ်ရေးကိုယ်တာ အတွေ့အကြုံများမှတစ်ဆင့် ရယူနိုင်ပါသည်။ သို့သော်လည်း အသုံးပြုသူများအနေဖြင့် စာကြည့်တိုက်နှင့် သတင်းအချက်အလက်များကို ထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် စာကြည့်တိုက်မှူးသည် သုံးစွဲသူများအား လမ်းညွှန်ရာတွင် ကူညီပေးနိုင်ပါသည်။ ရည်ရွယ်ချက်မှာ စာကြည့်တိုက် အသုံးပြုသူများကို စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များ သိနိုင်စေရန် သင်ကြားပေးဖို့ လိုပါသည်။

စာကြည့်တိုက်မှူးများသည် မည်သည့်မေးခွန်းကိုမဆို ကိုင်တွယ်ဖြေရှင်းပေးနိုင်ခြင်းကလည်း စာကြည့်တိုက်ကို ဆွဲဆောင်မှုပေးနိုင်သော နည်းလမ်းတစ်ခုပင် ဖြစ်ပါသည်။ သို့သော် ပုံမှန်အားဖြင့် ကျွန်ုပ်တို့သည် အကိုးအကား အချက်အလက်များဟူ၍ ရှိပါသည်။ ဤအရာများသည် စာမျက်နှာတစ်မျက်နှာ သို့မဟုတ် ပြဋ္ဌာန်းစာအုပ်များကဲ့သို့ ထိုင်ဖတ်ရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ အလွန်ထူးခြားသော စာပေများ ဖြစ်သည်။ တိကျသော အချက်အလက်များအတွက် တိုင်ပင်ဆွေးနွေးကြရပါသည်။ အကိုးအကားစာအုပ်များ၏ ယေဘုယျလက္ခဏာတစ်ရပ်မှာ အသုံးပြုသူသည် အချက်အလက်များကို အလွယ်တကူ ရှာဖွေနိုင်စေရန်အတွက် အများစုကို အက္ခရာစဉ်အလိုက် စီထားခြင်း ဖြစ်ပါသည်။ ၎င်းတို့သည် အလုပ်၏ အဓိကအကြောင်းအရာ၊ အချက်အလက်များကို အမြန်ပြန်လည်ရယူရာတွင် အထောက်အကူဖြစ်စေရန် အညွှန်းတစ်ခုဖြင့်လည်း ရှိပါသည်။ ၎င်းတို့တွင် အဘိဓာန်များ၊ စွယ်စုံကျမ်းများ၊ အတ္ထုပ္ပတ္တိများ၊ အညွှန်း/အကျဉ်းချုပ်များ၊ အနှစ်ချုပ်၊ အဘိဓာန်များ၊ လက်စွဲစာအုပ်များ အတ္ထုပ္ပတ္တိ အရင်းအမြစ်များ၊ ပထဝီဝင်အရင်းအမြစ်များနှင့် အစိုးရစာရွက်စာတမ်းများ စသဖြင့် ရှိပါသည်။

နည်းပညာတိုးတက်မှုနှင့်အတူ စာကြည့်တိုက်မှူးသည် သိမ်းဆည်းရလွယ်ကူသော အရင်းအမြစ်များကို သိမ်းဆည်းထားပြီး ရှာဖွေနိုင်သည့် နည်းလမ်းများကိုလည်း လမ်းညွှန်ပြသခြင်းအားဖြင့် လိုအပ်နေသော စာဖတ်သူများအား ထိထိရောက်ရောက် ဝန်ဆောင်မှုပေးနိုင်ရန်လည်း လိုအပ်ပါသည်။ အသိပညာသည် အကိုးအကားလုပ်ငန်းတွင်အထောက်အကူ ဖြစ်နိုင်သော်လည်း မည်သည့်အရာကို လုပ်ဆောင်ရမည်ကို ဆုံးဖြတ်ရန် မလိုအပ်ချေ။ အချက်အလက်များ၏ ရည်ရွယ်ချက်သည် ကောင်းမွန်သော်လည်း လုံလောက်သော အဓိပ္ပာယ်ဖွင့်ဆိုချက် သို့မဟုတ် ရှင်းလင်းချက်ဖြင့်သာ အသုံးပြုသူသည် ၎င်းတို့ထဲမှ အကောင်းဆုံးကိုသာ ရယူနိုင်ပါသည်။ စာရှာရာတွင် ထိရောက်စေရန် စာကြည့်တိုက်မှူးသည် အရည်အချင်းအချို့ရှိရန် လိုအပ်ပါသည်။

စာအုပ်များကို အသံတိတ်လူသားများအဖြစ် ဆက်ဆံပြီး အကိုးအကားအလုပ်သည် အမှားအယွင်းများအတွက် မဟုတ်ချေ။ စာကြည့်တိုက်မှူးသည် စာကြည့်တိုက်ရှိ သူ၏ နေ့စဉ် လုပ်ငန်းဆောင်တာများတွင် သူနှင့် ထိတွေ့သော လူမျိုးစုံကို လိုက်လျောညီထွေဖြစ်စေရန် ကူညီပေးပါလိမ့်မည်။ စာကြည့်တိုက်မှူး၏ အရည်အချင်းကိုကြည့်ပြီး စာရှာသူသည် သိလိုသမျှကို စုံစမ်းမေးမြန်းလေ့ ရှိနေသည်။ စာရှာသူ၏လိုအပ်ချက်ကို နားလည်သဘောပေါက်မှသာ စာကြည့်တိုက်မှူးက ကူညီပေးနိုင်ပါမည်။ စာရှာသူ၏မေးမြန်းချက်အပေါ် စိတ်ဝင်စားမှုရှိပြီး မေးမြန်းသည့် အကြောင်းအရာက စာရှာသူအတွက် အတိအကျရရှိရန် ကူညီပေးနိုင်ရပါမည်။ လိမ္မာပါးနပ်မှုရှိခြင်းသည် စာကြည့်တိုက်မှူးအတွက် အရေးပါလှပါသည်။ အခြေအနေတွေနဲ့ကိုက်ညီအောင်ဆောင်ရွက်ရပါမည်။ စာရှာသူသည် အမျိုးအစားများ မတူညီသောကြောင့် မေးခွန်းများအတွက် အဖြေများ ကွဲပြားရပါမည်။ စာကြည့်တိုက်တစ်ခု၏ တာဝန်ခံစာကြည့်တိုက်မှူးသည် စာကြည့်တိုက်၏ ဌာနအသီးသီးရှိ ဝန်ထမ်းများကို နေရာချထားရာတွင် အထောက်အကူဖြစ်စေမည့် သူကိုသာ ရွေးချယ်နေရာချထားသင့်ပါသည်။

စိတ်ရှည်သည်းခံမှုနှင့် ဖွဲလုံ့လသည် စာကြည့်တိုက်မှူးအား ဖိစီးမှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကူညီပေးပါလိမ့်

မည်။ စာကြည့်တိုက်မှူးသည် လူအမျိုးမျိုးနှင့် ဆက်ဆံရတတ်ပါသည်။ စာကြည့်တိုက်မှူးသည် အရာအားလုံးကို လိုက်လျောညီထွေဖြစ်စေရန် လုံလောက်သော စိတ်ရှည်မှု လိုအပ်ပြီး စာရှာသူ၏ မေးမြန်းချက်ကို အဖြေရရန်အတွက် အချက်အလက် အနည်းငယ်ကို ရှာဖွေရာတွင် တိုင်ပင်ရန် ဖွဲ့လုံ့လရှိရန်လည်း လိုအပ်ပါသည်။ စာကြည့်တိုက်မှူးကောင်းတစ်ဦးသည် မေးခွန်းများနှင့် ကိုက်ညီသော အဖြေများအတွက် လုံလောက်သော တိကျမှုကို ထည့်သွင်းပြသရပါမည်။ စာရှာသူသည် ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များကို ရရှိရန် မျှော်လင့်တတ်ပါသည်။ အချက်အလက်မှားနေပါက စာကြည့်တိုက်ရှိ အချက်အလက်များကို သိရှိနားလည်ရန်လည်း လိုအပ်ပါသည်။ ဆွေးနွေးတိုင်ပင်ရန်လည်း လိုအပ်ပါသည်။

အသိပညာနယ်ပယ်စုံနှင့် ဘာသာရပ်နယ်ပယ်များရှိ အချက်အလက်များကို မိမိစာကြည့်တိုက်တွင်သာမက အခြားသော စာကြည့်တိုက်များနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ မေးခွန်းတစ်ခုဖြေဆိုရာတွင် အထောက်အကူဖြစ်စေနိုင်သည့် အချက်အလက်ကို သိရှိရန်လည်း အရေးကြီးပါသည်။ စာကြည့်တိုက်မှူးသည် သတင်းအချက်အလက်များ ရှာဖွေရာတွင် ထိရောက်မှုရှိစေရန် ကောင်းမွန်သော ဆက်သွယ်မှုစွမ်းရည်များကို ရယူပိုင်ဆိုင်ထားရန် လိုအပ်ပါသည်။

စာကြည့်တိုက်မှူးသည် နှုတ်ဖြင့်ဖြစ်စေ၊ နားထောင်ရန်ဖြစ်စေ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဉာဏ်ရည်ဉာဏ်သွေးကို ပြင်ဆင်ထားရမည်။ ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်မှုလည်း ပါဝင်ပါသည်။ စာကြည့်တိုက်မှူး၏ စကားလုံးရွေးချယ်မှုသည် သင့်လျော်ပြီး ရည်ရွယ်ချက်ကို တိတိကျကျ ဖော်ပြပေးနိုင်ရပါမည်။ စာကြည့်တိုက်၏ ပုံရိပ်ဖန်တီးသူအဖြစ် စာကြည့်တိုက်မှူးများကို တွေ့မြင်ရသဖြင့် စာကြည့်တိုက်၏ ရည်မှန်းချက်များ ပြည့်မီကြောင်း သေချာစေရန်အတွက် လိုအပ်သည်များ ရှိပါသည်။

စာကြည့်တိုက်မှူးများသည် သတင်းအချက်အလက် ရှာဖွေရာတွင် အသုံးပြုသူများ တွေ့ကြုံခံစားရသော အခက်အခဲများစွာကို ဖြေရှင်းပေးနိုင်ရန် ကြိုးစားသင့်ပါသည်။ တစ်ခါတစ်ရံတွင် စာကြည့်တိုက်မှူးသည် သတင်းအချက်အလက်အတွက် တောင်းဆိုမှုများကို လက်ခံရရှိသည့်အခါတွင် စာရှာသူ၏ ကိုယ်ပိုင်အချက်အလက်များကို ရှာဖွေခိုင်းခြင်းထက် စာကြည့်တိုက်မှူး၏ စာရှာဖွေမှုကို လုပ်ဆောင်ပြီး သတင်းအချက်အလက်ဆိုင်ရာ အမှန်တကယ် စာရွက်စာတမ်းအချို့ကို စုစည်းသင့်သည်။

**'စာကြည့်တိုက်မှူးများသည် စာကြည့်တိုက် အသုံးပြုသူများအား ဝေဖန်ပိုင်းခြားခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် မေးခွန်းထုတ်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ၊ သုတေသနမေးခွန်းကို ခွဲခြမ်းစိတ်ဖြာနိုင်မှုတို့ကို အားပေးရန်အတွက် အခြေအနေနှင့် ဉာဏ်ပညာသည် အရေးပါသည်။ သတင်းအချက်အလက်များသည် အသိပညာ၏ အင်အားတစ်ရပ် ဖြစ်ပါသည်။'**

စာကြည့်တိုက်မှူးသည် သတင်းအချက်အလက်နှင့် စာကြည့်တိုက် အသုံးပြုသူများကို သိရှိနားလည်ထားရန် လိုအပ်ပါသည်။ စာကြည့်တိုက်အသုံးပြုသူများ၏ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးရန်နှင့် အချက်အလက်များကို ကူညီပံ့ပိုးပေးခြင်းဖြင့် စာကြည့်တိုက် အသုံးပြုမှု တိုးတက်လာအောင် ကြိုးစားဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

## စာကြည့်တိုက်သမား၏ ချစ်ခြင်း

တိုးကိုကိုဝင်း

ညစဉ်ရှုစား
ဖန်သား ရုပ်မြင်၊ ကြည့်မိလျှင်
မြင်ရတွေ့ရ သိပ်အားကျ။

ကိုရီးယားကား၊ ဇာတ်လမ်းများမှာ
တန်းစားမခွဲ
ဆင်းရဲချမ်းသာ၊ အိမ်တိုင်းမှာလျှင်
စာအုပ်စင်ရှိ မြင်နိုင်ဘိ။

ဧည့်ခန်းမှာလျှင်၊ စာအုပ်စင်နှင့်
အိပ်ခန်းမှာလျှင်၊ စာအုပ်စင်နှင့်
ပညာအသိ သူတို့ဖြည့်။

သူတို့ ရုပ်ရှင်
ကြည့်မြင်ရှုနေ
တို့တွေဆီမှာ၊ အိမ်တိုင်းမှာလည်း
စာအုပ်စင်ခလေ့ ပျိုးထောင်မွေ့
ကောင်းခြင်းအတုယူ ပညာဖြည့်။ ။

# ကျေးလက်စာကြည့်တိုက်တစ်ခု မွေးဖွားဖူးခြင်း

မောင်နေပူ(တောင်ကုတ်)



'စာ'သည် အသက်၊ အသက်သည် 'စာ'

- ခေတ်ကိုခြေရာကောက်သည့်ခါ
  ကျောက်စာ၊ ပေစာ၊ အုတ်ခွက်စာ
  ကမ္ပည်းမော်ကွန်း အက္ခရာ။

- တန်ဖိုးထားရာ တန်းတူကျ
  'စာတစ်လုံးမှ ဘုရားတစ်ဆူ'မျှ
  ထုံးစံအယူအဆ။

- အရာရာနိစ္စ ဝါယမ၊ ဘာသာဒိဋ္ဌ သာဓက
  အစာကိစ္စသာမက၊ စာရိတ္တဘက်မှာပါ၊
  စာပေအသက်အခရာ။

- အချုပ်အချာ တစ်ကမ္ဘာလုံးက
  ဥစ္စာရတနာနှန်းတမျှ
  'နှုတ်တစ်ရာ၊ စာတစ်လုံး'ကျ
  နလုံးသွင်းလက်ခံကြ။

- ပညာသမား ဆရာများဟူ
  'စာပုထိုး'တည်သူ၊
  စာအုပ်ပေမူ ဥစ္စာစစ်
  'ဥစ္စာစောင့်'တွေဖြစ်။

- အနှစ်သာရ စွမ်းပကား'စာ'
  ခေတ်အဆက်ဆက် ထွန်းကားလာ၊
  ကျန်းခန့်သာလို့ မာပါလား
  စာပေမိတ်ဆွေများ။
  ကျမ်းဂန် လူသား တူယှဉ်အား
  စာကြည့်တိုက်တွေ ထပ်ဆင့်ပွား
  ဗုဒ္ဓမြတ်စွာတရား။ ။

'မဟူရာနဒီ'ဆိုတာ အမည်နာမသက်သက်မဟုတ်။ အနက်အဓိပ္ပာယ်အပြည့်အဝ၊ အနှစ်သာရရှိရှိနဲ့ အလျဉ်မပြတ် တရစပ် စီးဆင်းလည်ပတ်နေဆဲ၊ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ငယ်တစ်ခုပါ။ မိမိတို့ 'တန်းလွဲရွာမ'ဆိုတာလည်း တောင်ကုတ်မြို့နယ် တန်းလွဲချောင်းက ရွာတွေရဲ့ ဗဟိုချက်မ ဒုတိယမြို့အဆင့် (အခုတော့ *parker* မြို့) ခေါ်ဆိုနိုင်လောက်တဲ့ ဒေသရဲ့ သဘာပတိ၊ ရပ်မိရပ်ဖ၊ အထင်ကရ နေရာတစ်ခု။ ချောင်းဖျားဘက် ဟိုအထက်ပိုင်းမှာ အာရပိုးလမ်းမကြီးမျိုး ပေါ်ပေါက်သွားပြီးကတည်းက တဖြည်းဖြည်း မြစ်ကျိုးအင်းဘဝ ရောက်လာမှာ စိုးရိမ်စရာ ဖြစ်လာတယ်။ တစ်ချိန်က အစဉ်အလာကောင်းတွေ မတိမ်ကောရလေအောင် ထိန်းသိမ်း စောင့်ရှောက်ဖို့ မလွဲမသွေ လိုအပ်နေပြီ မဟုတ်လား။ မပြောပလောက်တဲ့ အဖုအထစ် လမ်းခွဲကလေး (၇/၂ မိုင်) တိုတိုထွာထွာကို ဖြောင့်ဖြူးအောင် အချောကိုင်ရေးကအစ 'မဟူရာနဒီ'ဟာလည်း ဒေသရဲ့ တက်နေအရောင် ရွှေ့ကျက်သရေဆောင် ဖြစ်နေရမယ်လေ။ ဒီစာကြည့်တိုက်ကလေးရဲ့မြစ်ဖျားခံရာကို လိုက်ကြည့်ရင် 'ကျေးလက်နဲ့ မြို့ပြ မကွာဟစေရေး'ဆိုတဲ့ တွန်းအားတွေအောက်မှာ သူလိုကိုယ်လို လူတန်းစေ့ စာကြည့်တိုက်တစ်ခု အတောင်အလက်စုံစုံလင်လင်နဲ့ မွေးဖွားသန့်စင်စေချင်ကြတယ်။ ဒါ ကိုယ့်ရပ်ကိုယ့်ရွာကို ချစ်တတ်ကြတဲ့ မျိုးချစ်စိတ်ဓာတ်၊ ကျေးဇူးတရားကို သိနားလည်တတ်ကြတဲ့ မင်္ဂလာစိတ်၊ ကောင်းမြတ်တဲ့ အပြုအမူစိတ်တွေပဲ မဟုတ်လား။ ဒါကြောင့်လည်း ဦးတည်ချက် ခေါင်းစဉ်တစ်ခုအောက်မှာ စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ အားသွေးမာန်ညှိခဲ့ကြတယ်။

ကိုယ်နဲ့ပတ်သက်တဲ့ အလုပ်တစ်ခုရဲ့ အောင်မြင်ထွန်းပေါက်မှုဆိုတာ ကိုယ်ခံအားအပေါ်မှာ တည်မှီနေတာမျိုးမို့ ထုံးစံအတိုင်း ရွာရိုးပတ် မေတ္တာရပ်၊ အတတ်နိုင်ဆုံး ကူပံ့ကြဖို့ အလှူခံရတာ သဘာဝကျလှပါတယ်။ တွေ့ရိုးတွေ့စဉ် တွေးရိုးတွေးစဉ် အမြင်ဟောင်းတွေနဲ့ ထုံးစံမဟုတ်လေတော့ ရွာ့မျက်နှာဖုံးတွေကအစ တွန့်ဆုတ် တွန့်ဆုတ်၊ ကုလားထိုင်ရတွေကလည်း ရှုံ့ကုပ်ရှုံ့ကုပ်၊ စီးပွားရေးမပါတဲ့ အလုပ်ပေကိုး။ မှန်းသလောက် လမ်းမပေါက် ပန်းမရောက်ပေဘူး။ ကြည့်မနေနိုင် ထိုင်မနေတတ်ကြသူများက ရွာပြင်မှာရုံကာ၊ အများအာရုံရှိရာ ရုပ်ရှင်ငှားပြ၊ လက်မှတ်ကို အိမ်တင်ရောင်းချနဲ့ တစ်ပွဲတစ်လမ်း အကဲစမ်း နည်းအမျိုးမျိုးရှာ။ စာအုပ်ကို ဥစ္စာမှတ်ကြတဲ့ ယဉ်ကျေးမှု စိုက်ပျိုးသူတွေရဲ့ပွဲမှာ 'အခမဲ့' နဲ့ 'အဝမ္ဘ'တွေကို တားဆီးကာကွယ်နိုင်မှု အားနည်းခဲ့ရှာတယ်။ ဒီကြားထဲ ပိုးလိုမွေးမြူခဲ့ရတဲ့ ငွေသမင်လေးကိုမှ လျှာရည်ကျတဲ့ ကျား ခြင်္သေ့တွေကလည်း အလျှိုအလျှို ထွက်လာကြသေး။ ရွာခံလူငယ်ပိုင်းက သွက်သွက်လက်လက် တက်တက်ကြွကြွ စိတ်ကောင်းပြကြပါတယ်။ သူတို့ရဲ့ စိတ်အဆာပြေ ကာရာအိုကေပွဲချပြီး တတ်အားသရွေ့ အားဖြည့်ပေးခဲ့ကြတယ်။ ရွှေပြည်စိုးဆိုတဲ့ ထုတ်ကုန်သစ်တစ်မျိုးရဲ့ ဝန်ဆောင်မှု စပွန်ဆာနဲ့ ခေတ်ပေါ်စတိတ်ရှိုးလည်း လုပ်ခဲ့ကြတယ်။ ယုတ်စွအဆုံး ချောင်းတစ်ဖက်ကမ်းခတ်ပြီး သိမ်တောင်ပြင်ဘုရားပွဲမှာ လောင်ပေါ်လှူပ် ကံစမ်းမဲဖောက်လို့ အထောက်အကူပြုရေး စုဝေးခဲ့ကြပါသေးရဲ့။

ရှိစုမဲ့စု ရှာလို့ဖွေလို့ရသမျှနဲ့ စာကြည့်တိုက်ရဲ့အဓိက အဆင်တန်ဆာ ကလီစာ စာအုပ်စာတမ်း ဝယ်ယူရေးအတွက် စာပေမွေ့သူတို့ ညှိနှိုင်းတိုင်ပင် ခေါင်းပူးခဲ့ကြတယ်။ ရန်ကုန်ကို လူကြုံမှာလို့၊ စာအုပ်ကောင်းတွေ ပိုင်ဆိုင်ရရှိဖို့၊ လူရှိသေ ရှင်ရိုသေ ဂန္ထဝင်စာပေတွေ အပါအဝင် ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ကြီးပွားရေး၊ စွယ်စုံဘက်စုံ ထောင့်စေ့နေရမယ်။ အတွေးအခေါ်၊ အဆွေးအပျော်၊ ခေတ်ပေါ်ကလေး သူငယ်၊ လူငယ်အကြိုက်၊ ဝတ္ထု၊ ရုပ်ပြကာတွန်းမကျန် သိုင်းတို့ ဒိုင်းတို့မလွတ် တစ်နည်းအားဖြင့် စာသန့်စာခန့်တွေသာမက စာပိုးဝင်ဖို့ နှိုးဆွပေးနိုင်တဲ့ ပေ့ါပေ့ါပါးပါး ဖတ်စာများရောသုတရသစုံ၊ အို ... စာမှန်ရင် အရသာရှိမယ့် အာဟာရဖြည့်မယ့်စာတွေ။

ဒီလိုနဲ့ 'မဟူရာနဒီ'ဟာ (၁၁– –၂၀၀၃)မှာ စတင်စီးဆင်းခဲ့ပါတယ်။ ပေါ်ဖျားပေါ်ဦး အထူးအဆန်းတစ်ခုအဖြစ် အားတက်သရော စိတ်ပါဝင်စားကြတာကို ဝမ်းမြောက်ကြည်နူးဖွယ် မြင်တွေ့ရပါတယ်။ ဖြစ်မြောက်ရေး စွမ်းဆောင်ရှင်များကလည်း စာကြည့်တိုက်အသင်းသားများအတွက် ကိုယ်ပိုင်အမှတ်နဲ့ စာအုပ်ငှားရမ်းခွင့်ကတ်များကို ထုတ်ပေးပါတယ်။ မှတ်မှတ်ရရ ပထမပိုင်းနှစ်က ပလတ်စတစ်လောင်းထားတဲ့ အဝါရောင်၊ ဒုတိယနှစ်ပိုင်းမှာတော့ အနီရောင်ပြောင်းလို့ ကတ်ပြားလေးတွေရဲ့အဆင်အသွေးဟာ ရည်ရွယ်ချက် နိမိတ်ပုံအလား ခံစားမှုဖြစ်စေတယ်။ စာကြည့်တိုက်မှာ ထားရှိတဲ့အလှဲစုံစိတ်ရောင်စုံအကြိုက်သုတရသစာနယ်ဇင်းအစုံကိုလည်း တိုက်ပိုင်အမှတ်နဲ့ စနစ်တကျ မှတ်ပုံတင်စာရင်းသွင်းပြီး အခမဲ့ငှားရမ်းဖတ်ရှုစေခဲ့ပါတယ်။

အိမ်ကြီးရခိုင်ပေါ်များတဲ့ စုံတောမြိုင်မှာ စာကြည့်တိုက်ဖွင့်လှစ်နိုင်မယ့် သစ်တစ်ပင် ရှားပါးနေတာကတော့ ကြိတ်မနိုင်ခဲမရစရာ။ အကျပ်အတည်း အခက်အခဲများစွာကို ပိုင်အိုနီးယား ***(pioneer)*** ခေါ် ရှေးဦးတီထွင်သူတိုင်း ခံစားရင်ဆိုင်ကြရလေ့ရှိစမြဲပါ။ စာကြည့်တိုက်အဖြစ် ဦးမောင်ရီအိမ်၊ ဦးစံလှိုင်အိမ်၊ ဦးမဲအောင်ရဲ့ဆိုင်ခန်းဟောင်းလေး စသဖြင့် အဖိုးအခ ချို့ငဲ့စစ်စိတ်စွာနဲ့ ဖွင့်လှစ်ခဲ့ရပါတယ်။

မဟူရာနဒီစာကြည့်တိုက်ကို စာပေဟောပြောပွဲနဲ့ သိဒ္ဓိတင်နိုင်ဖို့လည်း ကြိုးစားကြည့်ခဲ့ကြပါသေးတယ်။ (၂၆–၁–၂၀၀၅) ညမှာ ရန်ကုန်က နိုင်ငံကျော်ဆရာ ဆောင်းဝင်းလတ်၊ ဒေါက်တာခင်မောင်ညို၊ အဏ္ဏဝါစိုးမိုး၊ ကာတွန်း မြေဇာတို့ကို ပင့်ဖိတ်ပြီး နယ်ခံပရိသတ်နဲ့ အရှင်လတ်လတ် မိတ်ဆက် ထိတွေ့စေခဲ့ပါတယ်။ ကြားပေါက် ဖောက်ဝင်လာတဲ့ လကြေးရည်တတ်တစ်ဦးက စာရေးဆရာ ဓာတုဗေဒ ဒေါက်တာကို သမားတော်နဲ့မှားမိတာ အရုပ်ဆိုးသလို တစ်စုံတစ်ရာ အားကူမပါဘဲ ရွာ့မျက်နှာဖုံး လူတွင်ကျယ်တချို့က ပွဲရှင် ဝင်နေရာယူကြတာကတော့ မျက်နှာပြောင်လွန်းလှပါတယ်။

နားခိုရာမဲ့စာကြည့်တိုက်လေးဟာ သုံးကျောင်းပြောင်းရှင်အဖြစ် ရပ်တည်နေခဲ့ရာမှာ အသင်းဝင်အင်အားကလည်း ***One goes, Two come, Three wait*** ဆိုသလိုပါပဲ။ ဖျစ်ညှစ်ကောက်ခံရရှိတဲ့ အသင်းသားတွေရဲ့ လစဉ်ကြေးကို အမှီပြုပြီး ခြေသလုံးအိမ်တိုင်ကို ကြံ့ခိုင်သန်မာစေခဲ့ပါတယ်။ အိမ်ငှားခ၊ ဝန်ထမ်းခ၊ စာအုပ်စာတမ်းများ ဝယ်ယူဖြည့်တင်းခ၊ တိုလီမိုလီ၊ ဗာဟီရကိစ္စ အဝဝတို့အတွက် ကုန်ကျစရိတ်စသဖြင့် ယိုပေါက်များကို တတ်နိုင်သမျှ ကာမိစေရန် စာကြည့်တိုက်မှူးနေရာ၌ ကော်မတီအချို့ကို လုပ်အားပေးစေခဲ့သည်။ ဒါမှလည်း လစဉ်ထုတ် စာနယ်ဇင်းတချို့ကို အချိန်နှင့် တစ်ပြေးညီ တို့ထိနိုင်မည်ဖြစ်သည်။ တစ်ယောက်ကောင်းလျှင် တစ်သောင်း အားကိုးရရှိစေနိုင်သလို သစ်တစ်ပင်ကောင်းလျှင်လည်း ငှက်အပေါင်းနားခိုနိုင်မည်သာ။ အလိုက်သင့် သွားနေသော လှေကြုံမှာ လိုက်ပါမယ့်လူကြုံက များနေမှာပါ။ မဟူရာနဒီသမိုင်းမှာ ဦးလည်မသုန် မျက်ခြည်မပြတ် ထက်ကြပ်မကွာ ထောက်ကူပါဝင်သူများ ရှိနေသလို တစ်ပိုင်းတစ်လတ် လမ်းမတ်တတ်မှာ စိတ်ပျက်ပျက်နဲ့ ပစ်ခွာသွားကြသူများလည်း များစွာ များစွာ။ ဘယ်သူ့ကိုမှ အပြစ်ဆိုစရာ မရှိပါ။

တချို့က စာကြည့်တိုက်ဆိုတာ သူတို့နဲ့မဆိုင်တဲ့ အလုပ်၊ သူတို့ဘာသာ 'နန့်'လို့ ထလုပ်နေကြတယ် ထင်သူတွေ၊ ငွေသာရှိပြီး အသိတရားခေါင်းပါးသူတွေ၊ ပရဟိတ ဝန်ထမ်းအလုပ်ကို အပိုဘုံကျွန်အလုပ်လို့ အရှုပ်ထုပ် ထင်နေသူတွေ၊ အတ္တကြီးမားကြတဲ့ အတ္တဘောပုဂ္ဂိုလ်တွေ၊ 'ကြည့်နေတယ် ကြည့်နေပါတယ်' လို့ အားပေးနေတတ်တဲ့ ပရိသတ်တွေ၊ လူစားအမျိုးမျိုးကို တွေ့နေရတာပါပဲ။ ဘာပဲဖြစ်ဖြစ် ဥယျာဉ်လုပ်ရင် ပေါင်းခုတ်ရမယ်။ အပင်စိုက်ရင် အမှိုက်ရှင်းရမယ်။ 'တစ်'မှာတုန်းကမပါ၊ 'နှစ်'မှာလည်း အရေးမလုပ်၊ 'သုံး'မှာမှ အပုပ်ဝင်ချချင်တဲ့ မာရ်နတ်အနွယ်ဝင်တွေကိုလည်း ရှောင်မလွှတ်သာ။ ဒီကြားထဲက မဟူရာနဒီဟာလည်း 'မခေ' ပါကလားလို့ ခေါင်းထောင်ကြည့်ရလောက်အောင် အာဇာပိုင်တချို့၏ တစ်ခါတစ်ရံ ဝင်ရောက်ကြည့်ရှု အားပေးအားမြှောက်ပြုခြင်းမျိုးကိုလည်း ကြုံရဖူးရဲ့။

စာကြည့်တိုက် သက်စိုးရှည်ရေးဟာ အစပျိုးတာထက် တောင်ခက်ပါသေးတယ်။ စာအုပ်တွေကလည်း လှူဒါန်းသူတွေထံမှရော၊ ဝယ်တာခြမ်းတာရောနဲ့ တစ်နေ့တခြား လပြည့်ဖျားပမာ တိုးပွားလာနေရဲ့။ စာအုပ်လှူဒါန်းသူများကို အခမ်းအနားနဲ့ ဂုဏ်ပြုပွဲလုပ်ပေးချင်ပေမဲ့ အခြေအနေ မပေးလို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ် ချီးမြှင့်ရုံမျှသာ တတ်နိုင်သေးရဲ့။ ဒီလိုနဲ့ ဘုံပျောက်နေတဲ့ ပညာဘဏ်တိုက် စာကြည့်တိုက်ကလေးကို (၂၅–၄–၂၀၀၇) မှာ အပြီးအစီး ဆောက်လုပ်ခဲ့ကြပါတယ်။ ရွာရဲ့အထင်ကရ ဆိပ်ကမ်းပေါက်တစ်ခုမှာပါ။ မြို့နယ် ပြန်/ဆက်ကပေးတဲ့ စာကြည့်တိုက်မှတ်ပုံတင် အမှတ် (၅၈၆၅) ကိုလည်း ရရှိပိုင်ဆိုင်ထားပြီး ဖြစ်ပါတယ်။ စာကြည့်တိုက် အဆောက်အအုံမြေနေရာ ရွေးချယ်မှု သစ်ဝါးရရှိရေးကိစ္စ၊ အချို့မှာ အထစ်အငေါ့တွေ အနည်းနဲ့ အများရှိခဲ့ပေမဲ့ လူသားတွေမှာ စိတ်ဆန္ဒ အာသီသ ပြင်းပြတက်ကြွလာရင် သူ့ရည်မှန်းချက်ကို ဘာနဲ့မှ တားဆီးပိတ်ပင်လို့ မရဘူးလေ။ အခုတော့ ***Building*** ရှိပြီ၊ ***Books*** ရှိပြီ၊ ***Borrowe*** မရှိပြီ၊ ***Brain*** ရှိပြီ၊ အဲ ***Budget*** အတွက် ***Boss*** ဆိုတဲ့ ကွက်လပ်ကြီး လိုအပ်နေပါသေးတယ်။

မေတ္တာဓာတ် ခန်းခြောက်လာနေကြတဲ့ အခုလို ဆုတ်ကပ်ကာလမှာ ပရဟိတလုပ်ရပ်တွေကို အကောင်အထည်ဖော် ပေါက်မြောက်ဖို့ဆိုတာ မလွယ်။ စာအုပ်ကို ချစ်တတ်၊ စာပေကို ချစ်မြတ်နိုးရုံနဲ့မရ၊ အတော့်ကို ပေါင်းတတ်သင်းတတ်၊ ပါးရည်နပ်ရည်ပြည့်ဝ၊ စွဲစွဲမြဲမြဲ စူးစူးစိုက်စိုက်၊ ကျားကုတ်ကျားခဲ၊ တုံးတိုက်တိုက် ကျားကိုက်ကိုက်၊ ရေဆုံးရေဖျားလိုက်တတ်သူတွေ ရှိခဲ့သလို၊ မျက်နှာလွှဲရုံသာမက၊ ခဲနဲ့ ပစ်ချင်သူတွေလည်း ရှိကြမှာပါ။ မဟူရာနဒီကို မွေးဖွားပေးခဲ့ကြရာမှာ မိဘနေရာမှလည်းကောင်း ညီအစ်ကိုမောင်နှမနေရာများ၊ မိတ်သင်္ဂဟ အသိုင်းအဝိုင်းနေရာများမှလည်းကောင်း၊ ဝိုင်းရံစောင့်ရှောက် အားပေးခဲ့ကြသူများကို အထူးပဲ ကျေးဇူးတင်ရပါတယ်။ မဟူရာနဒီဆိုတဲ့ သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့ကို လူလားမြောက်အောင် လူစဉ်မီအောင် လူရာဝင်အောင် လူရည်မွန်အောင် လူတွင်ကျယ်အောင် ချီးမြှင့်မြှောက်စား ဆက်အားပေးစေချင်ပါတယ်။

'အရင်းစစ် အမြစ်မြေက' ဆိုသလို ဒေသခံလူထုရဲ့ ဦးနှောက်နဲ့ လုပ်အားသာ အဓိကအခရာဖြစ်ကြောင်းပါ။




# စာဖတ်သူများနှင့် ကခုန်ခြင်း

## တိုးကိုကိုဝင်း

မွန်းတည့် (၁၂) နာရီထိုးပြီ။ မြန်မာအသံက တီးလုံးလာနေလေပြီ။ အချိန်မတွက်ဆမိသည်က ကျွန်တော် အမှား။ ထမင်းစား လောဘက အတော်ဆိုး၏။ ထမင်းစားပြီး ရေနွေးကြမ်းသောက်သော လောဘကလည်း ကြီးပ့ါ။ ရေနွေးကြမ်းတစ်မတ်ခွက် မမော့လိုက်ရလျှင်ကို တစ်ခုခု လိုနေသလို။ ရေနွေးကြမ်း အမော့ကောင်းလို့ ရုံးနောက်ကျတော့မည်။ အဆောင်တည်ရာ လမ်း ၄၀ ကနေ ရုံးတည်နေရာ ၃၇ လမ်းမှာ ၄ လမ်းသာကွာဝေး။ နို့မို့ ဒုန်းစိုင်းပြေးလည်း မမီ။ ခုတော့ အပြေးအသော့ ကိုယ်ဖော့ခြေလှမ်းများဖြင့် လှမ်းလိုက်ရာ ၁၂ နာရီ ၅ မိနစ် စွန်းစွန်းတွင် ကျွန်တော်တို့၏ မြို့လယ်ကောင်ရှိ ပြည်သူ့စာကြည့်တိုက်ကြီး၏ တံခါးပေါက်ဝသို့ ဆိုက်ရောက်လေသည်။

စနေနေ့ကြီး ရုံးပိတ်ရက် အခါသမယ မှန်ပေသည်တည့်။ သို့ပေမင့် ဤရုံးပိတ်ရက်မှ အားလပ်ရှာသူ စာဖတ်သူအပေါင်းတို့ စာအုပ်အပ်နိုင် ငှားနိုင်ရန် ရည်သန်လျက် စနေနေ့ဖြစ်လင့်ကစား နေ့လယ် ၁၂နာရီ မှ ၃ နာရီတိုင်အောင် စာကြည့်တိုက် ဖွင့်လှစ်တော်မူပါသည် တမုံ့။ အစ်ကိုတော် စာကြည့်တိုက်မှူးက အချိန်မှန်တိကျလှစွာ ကောင်တာသို့ ရောက်ရှိနေပါပြီ။ ကျွန်တော်နှင့်အတူ တာဝန်ကျ အခြားတစ်ယောက်လည်း ရောက်ပါပြီ။ စုစုပေါင်း သုံးယောက် အလှည့်ကျ စနေတာဝန် ထမ်းဆောင်ရပါသည်။ ခါတိုင်းက စာငှားကောင်တာ တာဝန်ကျနေကြ ဝန်ထမ်းမှာ ဝန်ထမ်းများ အလှည့်ကျစာရင်းထဲ ပါမလာ။ ယခု တွဲဖက်တာဝန်ကျသည့် တစ်ယောက်က စာငှားကောင်တာ မတိုင်ဖူးသေး။ သို့ကြောင့် ကျွန်တော်အဖို့ ရည်ညွှန်းခန်းက ဖြစ်ပေမင့် စာငှားကောင်တာ တာဝန်ကို မလွှဲမသွေ ထမ်းဆောင်ရပေအံ့။

ထိုင်ခုံမှာထိုင်၍ ဖင်ပူမည်မကြံသေး။ အဝေးကကြည့်လျှင်ပင် အညာသားမှန်း သိသာသည့် သူတစ်ယောက် စာကြည့်တိုက်အပေါက်ဝသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပါပြီ။ အသားကမည်းမည်း၊ လူကပုပု ငါ အညာသားဟု မကြွေးကြော်ရုံတမည် ဝင်လာပါပြီ။ ကောင်တာတွင် ထိုင်နေသည် ကျွန်တော့ကို မြင်သည်နှင့် ''အထက်တန်းစာရေး ရှိလား'' ဟု မေးပါလေတော့သည်။ ကျွန်တော်ကလည်း မဆိုင်းမတွပင်

''ရှိပ့ါဗျာ။ ကျွန်တော် အထက်တန်းစာရေးပါပဲ။ ဘာများဆောင်ရွက်ပေးရမလဲ ဆရာ''

ထိုရောအခါ သူ့ခမျာ ခေါင်းတကုတ်ကုတ်နှင့် ...

''ဟာဗျာ မဟုတ်ဘူးလေဗျာ၊ ကျုပ်ပြောတာ စာအုပ်နာမည်ဗျ၊ ကျုပ်သမီးတွေက ဖတ်ချင်လို့ မှာလိုက်တာ၊ အထက်တန်းစာရေး စာအုပ် ငှားခဲ့ပါတဲ့''

သူ့စကားအဆုံးတွင် မပြုံးဘဲ မနေနိုင်။

''သိပြီ သိပြီ ပုညခင်ရဲ့ **အထက်တန်းစား ရေ** ဝတ္ထုပါဗျ။ ခင်ဗျားနဲ့တွေ့မှ အထက်တန်းစာရေး ဖြစ်ရတယ်လို့''

ပြောပြောဆိုဆိုနှင့် စာငှားကောင်တာရှိ စာအုပ်ပုံထဲသို့ ခေါင်းစိုက်ကာမှာ ဖွမွှရှာလိုက်သော် အညာသား ကံကောင်းချက်။ သူလိုချင်သော စာအုပ်ကို ရသွားသည်။ အညာသားက တစ်အုပ်တည်းနှင့် မတင်းတိမ်။

''စာငှားကတ်က ၂ အုပ် ငှားလို့ ရတာပဲ။ နောက်တစ်အုပ်ပေးပါဗျ။ သမီးနှစ်ယောက် စာအုပ်မလုရအောင်လို့ပါ။ ဘာတဲ့ 'ကြာတော့သည်လည်း မောင်အလကား' ဆိုတဲ့ စာအုပ်လေဗျာ''

''ကြာတော့သည်လည်း မောင့်စကား လုပ်ပါဗျ၊ ဆရာမဂျူး ရေးတာပါ၊ 'ကြာတော့သည်လည်း မောင်အလကား' ဆိုတော့ ဆရာ့ကြည့်ရတာ ကပ်စေးနဲတယ်နဲ့ တူပ့ါ''

''ဟား ဟား ဟား ဟုတ်ပ့ါဗျာ ကျုပ်က နည်းနည်းတော့ ကပ်စေးနဲတာ အမှန်ပဲဗျ''

'အထက်တန်းစား ရေ' နှင့် 'ကြာတော့သည်လည်း မောင့်စကား' စာအုပ်နှစ်အုပ်ကိုပိုက်ကာ အညာသားကပ်စေးနဲ ပုဂ္ဂိုလ်သည် သမီးတို့အတွက် စာအုပ်ရသော မျက်နှာဖြင့် ပြုံးပြုံးကြီး ပြန်ထွက်သွားလေသည်။

နောက်တစ်ယောက် လာပါပြီ။ မျက်မှန်တပ်လျက် လူပုံဝဖိုင့်ဖိုင့်နှင့် အဒေါ်ကြီးတစ်ယောက်၊ ဂွမ်းပုံကြီး ဂိုက်ဆိုက်ပင်။ သူ့လက်ထဲမှာ ယခင်ငှားထားသော စာအုပ်နှစ်အုပ် ပါလာသည်။ ယင်းစာအုပ်များကို ပြန်အပ်ပြီးနောက် စာငှားကောင်ရှိ စာအုပ်ပုံကို မွှေနှောက်လေတော့သည်။ မွှေနှောက်ရှောက်ရင်းမှ ...

''စာအုပ်ကလည်း ကြုံကြုံဖန်ဖန်ကွယ်၊ စာရေးသူက 'ရှာမှီး' တဲ့။ ငါ့တစ်သက် ဒီစာရေးဆရာနာမည် မကြားဖူးပါဘူး၊ ငါကြားဖူးတာက 'ရှားမီး' မှန့်တိုက်ပါ၊ မင်းရော ဒီစာရေးဆရာနာမည် ကြားဖူးလား၊ ကြည်စမ်းပါဦး ဒီစာအုပ်ကို''

သူ ထိုးပြသော စာအုပ်မျက်နှာကို သေချာကြည့်လိုက်တော့မှ အဒေါ်ကြီး မျက်စိမှုန်မှုန်း သိရတော့သည်။ ဖြစ်ချင်

တော့ စာအုပ်မျက်နှာဖုံးကလည်း ၁၉၅၀ ကာလများက စာအုပ်မို့ ခဲစာလုံးစာစီဖြင့် မျက်နှာဖုံးပုံနှိပ်ထားသော စာအုပ်။ မင်ကျမင်န သိပ်မကောင်း။ စာတွေ သိပ်မသဲကွဲ။ စာရေးသူနာမည်က မှိန်နေပြီ။ အောက်ဆုံးတွင် အောက်ဆုံးတွင် 'ရှာမှီးပြုစုသည်' ခဲစာလုံးက ပြူးလျက်။ အဒေါ်ကြီးကို စာရေးသူနာမည် သေချာဖတ်ပြလိုက်ရသည်။ အဒေါ်ကြီးသည် အငြိမ်မနေသေးဘဲ စာအုပ်တစ်အုပ်ကို ဆွဲထုတ်ကာ ...

''မင်း သိလားကွယ့် ဒီဦးရွှေအောင်က ရွှေမန်းဇာတ်ထဲက ချမ်းသာတစ်ယောက်ကိုပဲ ရှာဖွေတာလား၊ ဆန်းဝင်းတို့ ဝင်းဗိုလ်တို့ရော မရှာဘူးလားကွယ့်၊ ငါက ဇာတ်ပွဲသိပ်ကြိုက်တာ'' အဒေါ်ကြီးပြသော ဦးရွှေအောင်၏ 'ချမ်းသာကို ရှာဖွေခြင်း' စာအုပ်ကိုကြည့်ရင်း ဟူးခနဲ သက်ပြင်းမှုတ်ထုတ်ကာ

''အဒေါ် ဆရာကြီးရွှေအောင်က ဘာသာရေးစာပေ ရေးတာပါ ခင်ဗျာ၊ ဒီစာအုပ်က တရားဦး ဓမ္မစကြာအကြောင်း စာအုပ်ပါ ခင်ဗျာ၊ အဒေါ်ထင်သလို ဇာတ်မင်းသား ချမ်းသာကို ရှာတာ မဟုတ်ပါဘူး ခင်ဗျ'' ဟု ရှင်းပြ လင်းပြရလေသည်။

''ဩော် ဩော် မသိပါ ငါတူရယ် ဒါဆို ငှားလို့ မကိုက်သေးဘူး၊ နောက်ထပ်ရှာလိုက်ဦးမှ''

အဒေါ်ကြီးကား ဖွဲကောင်းကောင်းနှင့် စာအုပ်ဆက်ရှာတော့သည်။

အဒေါ်ကြီးပြီးတော့ ရုပ်ရှင်ထဲက စပ်စုလို အုကြောင်ကြောင်ပုံစံနှင့် လူတစ်ယောက် ရောက်လာပြန်သည်။ ဘာလိုသလဲ မေးသည်ကို ဂရုမစိုက်။ စာငှားတောင်တာရှေ့က စာအုပ်ပုံကိုသာ အာရုံစိုက်ကာ ရှာသည်။ မွှေသည်။ ပေါက်ပေါက်ရှာရှာ မေးပုံကိုကြည့်၊ ဆရာမကြည်အေး၏ 'မီ' စာအုပ်ကို ယူလာပြီး ...

''ဦးကြည်အေးဆိုတဲ့လူကြီးက 'မီ'ဆိုတဲ့ ကြောင်အကြောင်းတစ်ခုတည်းပဲရေးထားတာလားတခြားဘာကောင်တွေအကြောင်း ရေးသေးလဲဗျ'' မေးတော်မူလတ္တံ့။

''ကြည်အေး ဆိုတာ အမျိုးသမီးဗျ၊ ဆရာဝန် စာရေးဆရာမဗျ၊ 'မီ'ဆိုတဲ့ကောင်မလေးတစ်ယောက်အကြောင်းဗျ'' ဟူး ... မောလိုက်တာ သောက်ထားတဲ့ ရေနွေးတွေ ကုန်ပါပြာဟု စိတ်ထဲက ညည်းညူမိသည်အထိ။ ပြီးတော့ အဆိုပါ ပုဂ္ဂိုလ်ကပင် စာအုပ်နှစ်အုပ်ကိုထောင်ပြရင်း ...

''ဟော့လူ ဒီ 'မာရှယ်တီးတိုး'နဲ့ 'အန်ဂလာမာကဲလ်'နဲ့ ဘယ်လိုအမျိုးတော်လဲဗျ''

ကျွန်တော်လည်း စိတ်ပေါက်ပေါက်နှင့် ''ဆယ့်နှစ်ဝမ်းကွဲ တော်တယ်'' ဟု ဖြေပြီး ဒါမှ စာဖတ်သူဟူသော အသိကလေး ဝင်လာပြီး ''မတော်ရေးချ မတော်၊ မာရှယ်တီတိုးက ယူဂိုဆလပ်သမ္မတ၊ အန်ဂလာမာကဲလ်က ဂျာမန်ဝန်ကြီးချုပ်၊ တစ်ယောက်စီပါ''ဟုလေသံလျှော့ကာအတည်ဖြေရပါသည်။ သည်တော့မှ ထိုပုဂ္ဂိုလ်လည်း ''ကျေးဇူး ကျေးဇူး''တဲ့။ ရှူးချင်ရဲ့ဖြစ်ပုံ။ နာရီလက်တံများကိုကြည့်တော့လည်း လက်တံရှည်ကြီးသည် နှစ်ဂဏန်းလက်တံတိုက ခြောက်ဂဏန်းကိုသာ ပြသေးသမို့ နောက်နာရီဝက်လောက် အောင့်အည်းရပါဦးမည်။

''ဟာ ... စိတ်မနဲ့တဲ့ ဗေဒင်ဆရာကြီး ရောက်လာပြန်ပြီကွာ၊ စိတ်ညစ်စရာ'' ဟု စာကြည့်တိုက်မှူး အကိုတော်၏ ညည်းညူသံကြောင့် အပေါက်ဝသို့ ကြည့်လိုက်သောအခါ ပုဏ္ဏားမျိုးနွယ်က အဖေခေါ်ရလောက်အောင် အသားမည်းနက်လျက် ဇူဇကာပုဏ္ဏားနှင့် နင်လားငါလား ပုံမှားနိုင်သည့် ဗေဒင်ဆရာကြီးသည် လျှာထိုးဦးထုပ် ခပ်နွမ်းနွမ်းနှင့် လွယ်အိတ်ဖောင်းဖောင်းကြီးကို လွယ်ကာ ကီးပက် လက်ကိုင်ဖုန်းတကိုင်ကိုင်နှင့် စာကြည့်တိုက်တွင်းသို့ ဝင်လာပါပြီ။

''ဆရာတို့ စနေဖွင့်မှန်းမသိလို့၊ ခုမှသိတာနဲ့ အပေါ်တက်လာတာ။ ကဲ ... ကဲ ... ကျုပ်ဖတ်နေကျ အဘိဓာန်စာအုပ်ပေးဗျာ၊ အလွတ်ကျက်နေတာ ၅ မျက်နှာပဲ ရသေးတယ်''

''ဒီကနေ့ စနေနေ့မို့ ပင်မခန်းပဲ ဖွင့်ပါတယ် ဆရာ၊ ရည်ညွှန်းခန်း မဖွင့် ... မဖွင့် ...''

စာကြည့်တိုက်မှူးအကိုက မျက်ရိပ်ပြကာ လက်ထဲသော့ပေးလျက် စာအုပ်သွားယူစေသဖြင့် စကားက တန့်သွားသည်။ မျက်နှာချင်းဆိုင် ရည်ညွှန်းခန်းထဲမှ အင်္ဂလိပ်–မြန်မာ အဘိဓာန်စာအုပ်ထူကြီးကို သွားယူကာ ဝန်ဆောင်မှ ပေးရလေသည်။ ဗေဒင်ဆရာကြီးလည်း အဘိဓာန်စာအုပ်ကို လှန်ကာ လှောကာ အားမရနိုင်၊ ကီးပက်ဖုန်းခလုတ်များကိုပါ နှိပ်ကာ နှိပ်ကာ ကျွန်တော်တို့ဘက် မြားဦးလှည့်လာပြန်သည်။

''ကျုပ် ခင်ဗျားတို့ တစ်ရုံးလုံးက လူတွေနဲ့ တွေ့ဆုံပွဲလုပ်ချင်တယ်၊ ခင်ဗျားတို့စီမံက ဖုန်းနံပါတ်ပေးပါ၊ စီမံကို ဖုန်းဆက်ရအောင်''

''ဒီကနေ့ စနေနေ့ပါ ဆရာ၊ ရုံးကို ဘယ်သူမှ မလာဘူးဆရာ၊ စီမံလည်း ပိတ်လို့ပါ ဆရာ'' ဟု ဝင်ရောက် ဖြေရှင်းရလေသည်။ မြို့လယ်ကောင်က ပြည်သူ့စာကြည့်တိုက်မို့ထင့် အနီကဲ့သို့ စာဖတ်သူများကိုလည်း သည်းညည်းခံရပေသည်က တမုံ့။

စိတ်အိုက်နေသော ကျွန်တော်တို့အတွက်မေခလာ လာပါပြီ။ ဆရာ မောင်ရင့်မာ(ကျောင်းကုန်း)က ဆရာလေးကိုး တစ်ဟု အမည်သညာပြုတော်မူသည့် ကျွန်တော်တို့ 'ဆရာလေး' ခေါ်ဝေါ်သော ဆရာလေးကိုတင်တစ်ယောက် စာကြည့်တိုက် တံခါးဝသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကာ

''ကဲ ဆရာတို့ ရွှေဝယ်ထွန်း ချီတက်ရအောင်လေ'' ဟူသော ဖိတ်မန္တကပြုသံသည် နားစည်တွင်းသို့ သောတချိုချိုစီးဆင်းလေသတည်း။ နာရီလက်တံရှည်ကြီးကလည်း သုံးဂဏန်းနှင့် ဆုံစည်းလေပြီမို့ ''စာကြည့်တိုက် ပိတ်ပါပြီ၊ စာကြည့်တိုက် ပိတ်ပါပြီ'' ကုန်းအော်လျက် မိတ္တူဗေဒင်ဆရာကြီးကိုလည်း ပြန်စေ၊ ကျွန်တော်တို့လည်း မြန်မသွေ စာကြည့်တိုက်တံခါး ပိတ်ကာ ရွှေဝယ်ထွန်းသို့ ယွန်းခဲ့လေသတည်း။

## စာကြည့်တိုက်မှူး မှတ်စုများ

***MLA*** က မှတ်သားစရာ တစ်ခုခု ပြောပါဆိုတော့ ဖြုန်းခနဲ ဆရာ ဘာပြောရမှန်း မသိဘူး။ နောက်မှ ဆရာ ဖြတ်သန်းခဲ့တဲ့ စာကြည့်တိုက်မှူးခရီးကို အခြေခံပြောဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဘယ်ပညာရပ်ဖြစ်ဖြစ် အမြဲတိုးတက်ပြောင်းလဲနေတာမို့ ဆရာတို့ စာကြည့်တိုက်ပညာရပ်သင်ကြားခဲ့ရတုန်းက သင်ရိုးတွေနဲ့ ဒီကနေ့ သင်ရိုးတွေ အများကြီး ပြောင်းလဲသွားပါပြီ။ စာကြည့်တိုက်ပညာရဲ့ အဓိက မေဂျာ ၄ ဘာသာအပြင် ကွန်ပျူတာနဲ့ နည်းပညာဟာ မတတ်မဖြစ် သင်ယူရတဲ့ ဘာသာရပ်အဖြစ် စာကြည့်တိုက်ပညာထဲမှာ ပါဝင်လာပါပြီ။

ဟိုတုန်းက သမားရိုးကျလုပ်ကိုင်လာတဲ့ စာကြည့်တိုက်လုပ်ငန်းတွေကို ကွန်ပျူတာနဲ့ နည်းပညာသုံးပြီး အလုပ်လုပ်ရတဲ့ ခေတ် ဖြစ်လာပေမဲ့ ကွန်ပျူတာထဲကို စာအုပ်စာတမ်းနဲ့ ပညာရပ်ဆိုင်ရာ အချက်အလက်တွေကို စာကြည့်တိုက်မှူးတွေကပဲ ထည့်သွင်းပေးတာ ဖြစ်ပါတယ်။ ဒါကြောင့် စာကြည့်တိုက်မှူးအနေနဲ့ ကွန်ပျူတာခလုတ်နှိပ် ရှာဖွေလိုက်ရင် လိုအပ်တဲ့ အကြောင်းအချက်အလက် အကုန်ရတယ်လို့ စက်ကို ပုံအားကိုးတာမျိုး မဟုတ်ဘဲ စာဖတ်နာသူဖြစ်ဖို့ လိုပါတယ်။

စာကြည့်တိုက်မှူးတွေဟာ သုတ/ရသ စာပေအားလုံးကို လက်လှမ်းမီသလောက် ဖတ်ရှုကြဖို့ လိုပါတယ်။ ဒီလိုဖတ်ရှုထားတာဟာ မိမိအကျိုးသာမက စာဖတ်သူအကျိုးပါ ဖတ်ရှုခြင်း မည်ပါတယ်။ စာတမ်းရေးမယ့်သူ၊ အကြောင်းအရာကိုသာ သိပြီး ဒီအကြောင်းအရာ ဘယ်စာအုပ်ထဲပါမှန်း မသိတဲ့ စာဖတ်သူ ***(user)*** တွေနဲ့ ကြုံလာရင် စာအုပ်စာပေတွေ ဖတ်ထားမှသာ သူတို့ကို ဘယ်စာအုပ် ဖတ်ရှုကိုးကားသင့်ကြောင်း စာကြည့်တိုက်မှူးက လမ်းညွှန်နိုင်မှာ ဖြစ်ပါတယ်။

ဒီကနေ့ခေတ်ကို နည်းပညာခေတ်လို့ ပြောနေကြပေမဲ့ တစ်ကမ္ဘာလုံးမှာ နေ့စဉ် ပညာရပ်အမျိုးပေါင်းများစွာ ပေါ်ထွက်နေပါတယ်။ စာကြည့်တိုက်မှူးတွေအနေနဲ့ မြန်မာစာပေ၊ ကမ္ဘာ့စာပေတွေနဲ့ နေ့စဉ်တိုးတက်ပြောင်းလဲနေတဲ့ သိပ္ပံ၊ ဝိဇ္ဇာ ဘာသာရပ်တွေကို မျက်ခြေမပြတ် လေ့လာသိရှိ ဖတ်ရှုဖို့ လိုပါတယ်။ ကမ္ဘာ့စာပေနဲ့ သိပ္ပံ၊ ဝိဇ္ဇာဘာသာရပ်တွေကို လက်လှမ်းမီ ဖတ်ရှုနိုင်ဖို့ စာကြည့်တိုက်မှူးတွေမှာ ထိုက်သင့်တဲ့ အင်္ဂလိပ်စာတတ်ကျွမ်းဖို့ လိုအပ်ပါတယ်။ ဘာသာစကား တစ်မျိုးထက်မက တတ်ကျွမ်းရင် ပိုကောင်းပေပါတယ်။ အဓိကအနေနဲ့ အင်္ဂလိပ်စာနဲ့ စကားကို ပြောနိုင်ဖတ်နိုင်တဲ့အဆင့်ရှိဖို့ ကြိုးစားအားထုတ်ကြရပါမယ်။

စာကြည့်တိုက်မှူးဟာ မိမိစာကြည့်တိုက်အတွက် သင့်တော်တဲ့စာအုပ်ရွေးချယ်ဖို့၊ စာဖတ်သူတွေကို ကူညီနိုင်ဖို့ ကိုယ်ကိုယ်တိုင်က ကနဦး လေ့လာဖတ်ရှုထားရပါတယ်။ အခုပြောခဲ့တဲ့ အချက်တွေအပြင် စာကြည့်တိုက်မှူးကောင်းတစ်ယောက်ဖြစ်ဖို့ အဓိကလိုအပ်ချက်က စိတ်စေတနာကောင်း ဖြစ်ပါတယ်။ စာဖတ်သူအားလုံးအပေါ် ခွဲခြားဆက်ဆံမှုမရှိဘဲ တစ်ပြေးညီ စိတ်စေတနာကောင်းနဲ့ထားပြီး ဝန်ဆောင်မှုပေးကြရင် စာကြည့်တိုက်မှူးတစ်ယောက်ရဲ့ တန်ဖိုးနဲ့ သိက္ခာအလွန်မြင့်မားပါတယ်လို့ ပြောရင်း ဆရာ့စကားကို နိဂုံးချုပ်ပါတယ်။

**ဆရာဦးသော်ကောင်း**

---

## စာကြည့်တိုက်မှူး မှတ်စုများ

မိမိကိုယ်၊ မိမိဒေသ၊ မိမိလုပ်ငန်း၊ မိမိအသင်းအဖွဲ့၊ မိမိအလုပ်ဌာန စသည်တို့ကို မယိုင်မလဲ တိုးတက်အောင်လုပ်ဆောင်နိုင်ခြင်းဟာ ဒီနိုင်ငံတော်ကြီး တိုးတက်အောင် တည်ဆောက်တဲ့ နေရာမှာ အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်ထမ်းဆောင်နေကြသူတွေ ဖြစ်တယ်။ တိုင်းပြည်အတွက် တာဝန်ကျေကြသူတွေပေါ့။ ဆရာကြီးဦးသော်ကောင်း အမြော်အမြင်ကြီးစွာဖြင့် နိုင်ငံတော်ကြီး ဂုဏ်သိက္ခာရှိအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ရည်ရွယ်ပြီး မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းထူထောင်ရန် တင်ပြမှုကို နိုင်ငံတော်အစိုးရကလည်း ခွင့်ပြုလိုက်၍ 'ဖြန့်ဖြူး ပညာ တို့ဝန်တာ' ဆိုတဲ့ ဆောင်ပုဒ်နှင့်အတူ ပြည်သူလူထုကို တာဝန်ကျေကျေ အကျိုးပြုခဲ့တဲ့ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းဟာ ဆဋ္ဌမလေးနှစ်သက်တမ်း ပထမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ၁၆.၁၁.၂၀၁၉ တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့၍ များစွာဂုဏ်ယူရပါသည်။ နှစ်ပေါင်း (၂၀) ကျော် အသင်းကြီးကို ကမ္ဘာနှင့်ရင်ဘောင်တန်းနိုင်အောင် ***IT*** နည်းပညာများဖြင့် အသင်းကြီး၏လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ပေးကြသော အဖွဲ့ဝင်အားလုံးတို့အား လေးစားဂုဏ်ယူမိပါသည်။ နောင် တက်မည့် မျိုးဆက်သစ်များသည်လည်း စည်းလုံးညီညွတ်စွာဖြင့် အသင်းကြီးအား စောင့်ရှောက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးအောင်ကြီး**

# My Life in Librarianship

*U Nyan Htun*
*Chief Librarian (Retired)*
*University of Mandalay, Myanmar.*

*Applying leadership and management is vital for the prosperity and welfare of the society of our library. A library is a social institution and should help the life-long self-education of one and all. It should furnish up-to-date facts and information on all subjects to all walks of life.*

*Information Service, Information Products or Knowledge Service in which I have been involved is essential for the library and the readers. Thus S.R. Ranganathan formulated the Five Laws of Library Science in 1928.*

*Here are the Five Laws of Library Science.*

1. *Books are for use.*
2. *Every reader his or her book*
3. *Every book its reader*
4. *Save the time of the reader*
5. *The library is a growing organism*

*As a chief librarian, I am carrying out both the library's technical services and academic services according to the laws of S.R. Ranganathan.*

*Books in our library are for use by the faculty and students. I must select books, especially concerning the subject matter, and reference purposes. A college or university can only develop or produce information resources with a strong library at its centre.*

*Leadership is one of the essential roles of the library. A librarian can furnish the library with electronic tools and resources. Today's libraries have electronic devices to distribute knowledge and information instantly. The motto is * The right book for the right reader at the right time * which is very suitable for reference services. To enable information services and products, the librarian must have a strong understanding of leadership and management principles. Unless the librarian has good leadership and management skills, his library will face a bad situation. No users come to consult or get information resources for the poor services of the library.*

*In every library, every reader has his own book and then, every book also has its own reader. So we, the library staff, must do the library technical work and supervision efficiently. Every book in the library must be placed at the correct call number on the right shelves. The library has two essential tasks. One is leadership and management, and the other is technical and public services. The more leadership and management principles, the better the library produces information and knowledge for the readers. A strong library has good policy and management activities. To save the reader's time, I have trained my staff to be qualified. I am giving them library training. They are constantly under my guidance and training a dynamic.*

*Everyone knows the library is a growing organism and an institution. We need a live collection, growing equipment, and a mature staff to serve the users. To give knowledge service and produce qualified staff, we need some more training and Diploma Course in library science. I gave one month of Basic Library Technical Services and three months of Undergraduate Diploma in Basic Library Technical Services at the University of Mandalay, Myanmar, in 2001.*

*In 2002, as an Executive Member of the Myanmar Library Association, I was appointed Officer-in-Charge of the Myanmar Library Association (Upper Myanmar). So, I gave a one-month Basic Library Technical Services course held by Myanmar Library Association at Mandalay University in 2002.*

*As I am the most Senior Librarian in Upper Myanmar, I have to perform so many burdens of distribution of knowledge and contribution to library and Information Science not only to the public but also to the students and then library staff that I carried out the Program of Undergraduate Diploma in Basic Library Technical Services in Mandalay, in Upper Myanmar.*

*First of all, I introduced the First Level of Undergraduate Diploma Course in Basic Library Technical Services at the Resource Centre for ancient Myanmar Manuscript (Mandalay), under the supervision of the Human Resource Development Centre, Higher Education Department (Upper Myanmar)*

*Next, I established another Undergraduate Diploma in Basic Library Technical Services Course at Mandalay University, sponsored by Mandalay University Library, in May 2003.*

*My Upper Myanmar environment must have a fruitful Library & Information knowledge for one and all. Every librarian must give knowledge and information product.*

*Thus, the application of leadership and management principles is essential to librarians. Then strategies in a library are also crucial for the librarian to give information service, make information products and distribute knowledge for one and all.*

*Myanmar, our country, is now upgrading the standard of libraries of universities and colleges by installing Electronic Library. At Mandalay University, e- Education Learning Centre, e-Education Resource Centre, Computer Training Centre, Language Laboratory, and Multimedia Lecture rooms have been settled. We can share the resources and information at those centers. Local Area Network System is linked within the campus.*

*Therefore, in conclusion to my paper, I have to point out the basic five fundamentals as follows;*

*Good leadership can get good results.*

*Good management principles can guide the staff to complete their functions comfortably.*

*A good strategy fulfills the needs of all users.*

*Information services can benefit the readers flowery.*

*Information products can fruit knowledge and information to one and all walks of life.*

# Three Beautiful Words

## Humility, Empathy & Philanthropy

***TH Aung***

*Introduction: Many words have enormous power in every language. They can make us erupt into laughter or bring tears to our eyes. They can influence, inspire, manipulate and shock. Sometimes they can build and destroy. Some words have different effects on different people. Among several others the three outstanding words are humility, empathy and philanthropy. They are some of those words that are seldom in neutral gear. Some (like me) love these words and all they stand for. Some almost fear it and interpret it synonymously with lack of self-confidence or timidity or encouraging freeloading people or the training of laziness. Some even do not want to know about it because they are already overly self-centred and it is nuisance to their daily practice!*



*Humility: The dictionary defines humility as modesty, lacking pretence, not believing that you are superior to others. An ancillary definition includes: "Having a lowly opinion of oneself or meekness". We often confuse humility with timidity. Humility is not clothing ourselves in an attitude of self-abasement or self-denigration. Humility is all about maintaining our pride about who we are, about our achievements, about our worth – but without arrogance – it is the antithesis of hubris, that excessive, arrogant pride which often leads to the derailment of some heroes, as it does with the downfall of the tragic hero in the Greek dramas. It is about a quiet confidence without the need for a meretricious selling of our wares. It is about being content to let others discover the layers of our talents without having to boast about them. It is a lack of arrogance, not a lack of aggressiveness in the pursuit of achievement. For example:*

- *We should not gloat about anything we have done; we ought to keep going and find something better to do.*
- *According to several great leaders around us, the greatness comes from humility and being at times, self-effacing.*

*Clearly good leaders, and many others like them, do not espouse the meaning of humility as "meek". On the contrary, it is a source of their strength. But the notion of being self-effacing is one that we struggle with, in our competitive culture, prescribing that we take every opportunity to toot our own horn. An interesting dichotomy is that, often, the higher people rise, the more they have accomplished, the higher the humility index. Those who achieve the most brag the least, and the more secure they are in themselves, the more humble they are. "True merit, like a river, the deeper it is, the less noise it makes".*

*Empathy: A very simple key to resolve a conflict between two parties in our daily life can be expressed in one word, "empathy". If you know how to look at the issue from other people' point of view, you are very likely to find an acceptable solution. Basically compromise and humility are essential parts of conflict resolution. Sadly, we have witnessed many people [among our colleagues as well] who take conflict, argument and disagreement as personal. They never reach the resolution, more sadly they do not learn the lesson! Lacking wisdom usually makes people so proud of themselves and it prolongs the conflict without solution.*

*However, building up the sense of empathy in you is not as easy as it may sound. You need to think differently, not following what other people around you usually do. No tit for tat policy is acceptable in this process. You have to look at the issue from other angles [from others' point of view] with sympathy and understanding since others have their reasons to argue with you. Only then, you will get the fresh ideas to solve the problem. Later you can spark creativity. Of course, we have got to be more creative around here for the successful future! Empathy is an emotional and thinking muscle that becomes stronger and stronger the more we use it. Years ago, I had come across a saying that went something like this: the measure of a man [or woman], is how they treat someone who is of absolutely no use to them.*

*It means that Empathy should not be selective: It should be a daily habit. I do not believe in the commonly heard expressions: I don't care or this is not my concern. If something is not right*

*in my environment, I care and it is my concern to help correcting it. I feel like it is a duty of humane person in this life. As a career teacher I have been practising Empathy Based Teaching style for more than a decade and my teaching is believed to be more efficient and enjoyable than so called Teachers Centred Learning, Students Centred Learning, Problem Based Teaching, Outcome Based Teaching, or Competency Based Teaching. The reason is that students' learning is actively centred in my classes at all levels. Try some of these suggestions and watch the reactions of those you deal with. I believe you will notice some positive results. If I were to create a bumper sticker or a small poster, I would probably say: "Don't Leave Home without Empathy!"*

*Philanthropy: Etymologically it means "pretty" in the sense of caring for, nourishing, developing, and enhancing "what it is to be human" on both the benefactors' (by identifying and exercising their values in giving and volunteering) and beneficiaries' (by benefitting) parts. The most conventional modern definition is "private initiatives, for public good, focusing on quality of life". The word was first coined as an adjective, by Aeschylus in Prometheus Bound (460 BC), to describe Prometheus' character as "humanity loving" for having given to the earliest proto-humans, who had no culture, fire (symbolizing all the arts civilization) and "blind hope" (optimism). Together, they would be used to improve the human condition, to save mankind from destruction.*

*Today "philanthropy" is conventionally defined as "private initiatives, for public good, focusing on quality of life", thus combining the social scientific aspect developed in the 20th century with the original humanistic tradition, serving to contrast philanthropy with business (private initiatives for private good, focusing on material prosperity) and government (public initiatives for public good, focusing on law and order).*

*As a normal person, I firmly believe that unless a person has a reason to live other than for himself, he will die mentally first, then emotionally, then physically. Try to contribute to mankind one way or another as long as you live, this is all about philanthropy. There are millions who are less fortunate than us!*

*Conclusions: Let us consider the next step in life. As far as we understand religion provides the moral foundation of self-restraint. In total, it should have diverse positive impacts on communities, ranging from increased trust, improved mental and physical health, decreased crime, and enhanced levels of volunteering, community outreach and numerous to mention. The essential features of a religion are basically how to be a good person, how to be kind to one another, how to share the good and bad together, how to look after each other, how to be tolerant in daily life, and how to get to a higher level after this life. Definitely it is not to hate or kill each other!! There are millions of people who claim to be pious and are talking about religion all the time. In fact the majority of them are like someone who is trying to write an MA thesis without even finishing the primary school level education. They are missing basic teaching of religion although they use bombastic religious jargons in daily conversation quoting different verses from several religious books [probably without understanding it properly and just to impress others]. Some people have claimed to have Holy Spirit via so and so way of their religious practice, but what they really have is Evil Spirit since their thinking, their words and their deeds show it. But poor dears do not realise it! A simple advice to them is not to think of writing an MA thesis without having basic education first. What is basic? Think positively towards others first, speak positively later [even if some issue is in disagreement, keep quiet so long as it does not harm you] and do something positively for the benefits of mankind whenever possible. Whatever God you believe in will bless you beautifully in the end!!*

စာမျက်နှာ ၃၂ မှ

စာကြည့်တိုက်နှင့်သင်ကြားရေးတို့၌ဝန်ထမ်းခဲ့ရသည့် သုံးဆယ့်ရှစ်နှစ်တာကာလကို အင်မတန် ကျေနပ်ပါ၏။ ဆရာသမားတို့၏ စောင့်ရှောက်ခြင်း၊ အထက်လူကြီးတို့ မာန်မထန်ခြင်း၊ လုပ်ဖော်ကိုင်ဖက်တို့ အစေးကပ်ခြင်း၊ ဂျူနီယာတို့ ပျပ်ဝပ်ခြင်း၊ ရပေါက်ရလမ်းကင်းသော လုပ်ငန်းသဘာဝကြောင့် လောဘ ဒေါသ မထကြွခြင်း၊ ဝန်ဆောင်မှုပေးသည့် အကျင့် စွဲဝင်လာခြင်း၊ တာဝန်ဖြင့် ပြည်တွင်း နစ်မြို့၊ ပြည်ပ သုံးနိုင်ငံသို့ ရောက်ဖူးရခြင်း၊ လုပ်သက်ပြည့်မီသဖြင့် ဒဂုံမြေ ကွက်ရခြင်း၊ တန်းကုန်အောင် ပညာဆည်းပူးခွင့်ရခြင်း၊ စာသုဌာနမှူးအဖြစ်ရှိစဉ် ရန်ကုန်တက္ကသိုလ် အုပ်ချုပ်ရေး အဖွဲ့ဝင်အဖြစ် ထမ်းဆောင်ခွင့်ရခြင်း၊ ရွှေဘိုအဆောင်မှူး အဖြစ် တာဝန်ယူခွင့်ရခြင်း၊ အသူရာမင်းတို့၏ စစ်ခင်းသံ ဂျိုးဂျိုးခြိမ်းခြိမ်းမြည်ဟည်းတတ်သော မာဇဒါဂျစ်မှ အနည်းငယ် ငြိမ့်ညောင်းဟန်ရှိသော ဆလွန်းကား ဖြစ်လာခြင်း၊ နိုင်ငံတော် အေးချမ်းသာယာရေး၊ ပြည်သူ့ဝန်ထမ်း၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့ဝန်ထမ်းကောင်း စသည့် တံဆိပ်လေးမျိုးရခြင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက် အသင်းတွင် အထွေထွေအတွင်းရေးမှူး ရှစ်နှစ်၊ ဥက္ကဋ္ဌ လေးနှစ် ဆောင်ရွက်ခွင့်ရခြင်း စသည်တို့မှာ ကျေနပ်ဖွယ်ရာ အကြောင်းခြင်းရာများ ဖြစ်ပါ၏။ ဤသည်တို့မှ အများစုကို စာကြည့်တိုက်ဝန် ထမ်းခဲ့သူတိုင်း ခံစားရမည်ဟု ယုံကြည်ပါသည်။

ဤဤသော ကျေနပ်ဖွယ်ရာတို့အတွက် ပြန်လည်ပေးဆပ်နိုင်သည်မှာ ဆိုလောက်ရုံမျှပင် မရှိပါ။ ကတ်တလောက်လုပ်ငန်းဆိုင်ရာ (၁၀) ပုဒ်၊ အခြားဆောင်းပါး (၅) ပုဒ်မျှသာ။ အာရုံကြော ပုံမှန်ဖြစ်လာခြင်းကြောင့် ၂၀၁၈ ၌ ပါဠိရဂူတန်းပြန်ဝင်သည်။ ဆဲယားပညာရပ်ခေါင်းစဉ်စာရင်း (၂၀၁၄ တည်းဖြတ်)ရှိ အေအက္ခရာစဉ်မှ ပညာရပ်ခေါင်းစဉ် ၆၁၇၈ လုံးအတွက် မြန်မာဝေါဟာရ အဆိုပြုသည့်အလုပ် လုပ်နေပါသည်။ အလုပ်မပြီးခင် ကံမကုန်ချင်သေးပါ။

လက်ရှိတွင် တောင်ကြီးမြို့၌ အောက်စဖို့ဒ်ဆရာတော်ဘုရား တည်ထောင်သည့် ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်က ရဟန်းတော်များအတွက် ဖွင့်လှစ်သည့် စာသုဘွဲ့လွန်ဒီပလိုမာတန်းတွင် စာပို့ချခွင့် ရလျက် ရှိနေပါသည်။ မြန်မာနိုင်ငံရှိ ဗုဒ္ဓတက္ကသိုလ်စာကြည့်တိုက်များ၏ အခေါင်အထွဋ်ဖြစ်သော ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်စာကြည့်တိုက်ကြီးတွင်လည်း ဆန်ဆေး၊ ဆားမြည်းကပ္ပိယအဖြစ် ကုသိုလ်ပြုနေပါ၏။ အသက် ရှည်ပါလေဦးမည်။

စာပေလိုအင်ဖြင့် ရောက်လာသူကို စာကြည့်တိုက်က ဝန်ဆောင်မှု ပေးပါ၏။ လိုအပ်သည်တို့ကို ဖြည့်ဆည်းပေးလိုက်နိုင်ခြင်းကြောင့် ထိုသူ့ မျက်နှာ၌ ထင်ဟပ်လာသော ကြည်လင်ဝင်းပသည့် ကျေနပ်ဝမ်းမြောက်မှုအပေါ် ကြည်နူးပီတိခံစားတတ်လာခြင်းသည် စာကြည့်တိုက်လုပ်ငန်းခွင်ထံမှ ရခဲ့သည့် အမြင့်မားဆုံးသော ဆုလာဘ် ဖြစ်ပါသည်။

## ဝမ်းနည်းကြေကွဲခြင်း

၂၀၂၁ – ၂၀၂၂ ခုနှစ်အတွင်း အောက်ဖော်ပြပါ စာကြည့်တိုက်နှင့် သုတပညာဌာနများ ဆရာ၊ ဆရာမများ၊ တက္ကသိုလ်စာကြည့်တိုက်များမှစာကြည့်တိုက်မှူးများနှင့်အသင်းဝင်များသည်ဇိဗ်ပါးရောဂါဝေဒနာဖြင့်လည်းကောင်း၊ကိုဗစ်ရောဂါဖြင့်လည်းကောင်း ကွယ်လွန်အနိစ္စရောက်ခဲ့ကြပါသည်။ ကွယ်လွန်သူ ဆရာ၊ ဆရာမများ၊ စာကြည့်တိုက်မှူးများ၏ ကျန်ရစ်သူမိသားစုတို့နှင့် ထပ်တူ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းက ဝမ်းနည်းကြေကွဲပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

| စဉ် | အမည် | ရာထူး / ဌာန | ကွယ်လွန်သည့် နေ့ရက် |
|---|---|---|---|
| ၁။ | ဦးပုန်းမြင့် | အငြိမ်းစား၊ စီးပွားရေးတက္ကသိုလ်စာကြည့်တိုက် | ၁၇.၄.၂၀၂၁ |
| ၂။ | ဦးသိန်းလွင် | ပါမောက္ခ / ဌာနမှူး (ငြိမ်း)၊ ရန်ကုန်တက္ကသိုလ် စာ / သုဌာန | ၃၀.၄.၂၀၂၁ |
| ၃။ | ဦးညွန့်မောင် | ဌာနမှူး (ငြိမ်း)၊ လက်ရေးစာဌာနစိတ်၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက် | ၂၈.၇.၂၀၂၁ |
| ၄။ | ဒေါ်ကြည်ကြည်ဝင်း | လက်ထောက်စာကြည့်တိုက်မှူး၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်စာကြည့်တိုက် | ၂၇.၇.၂၀၂၁ |
| ၅။ | ဦးချိုမင်း | ကထိက (ငြိမ်း)၊ ရတနာပုံတက္ကသိုလ်၊ စာ / သုဌာန | ၂၈.၇.၂၀၂၁ |
| ၆။ | ဒေါ်မေစီလွင် (ခေါ်) ခိုင်စု | မြန်မာနိုင်ငံစာကြည့်တိုက်အသင်းသား | ၂၈.၇.၂၀၂၁ |
| ၇။ | ဒေါက်တာထားဝင်းဇော် | ပါမောက္ခ / ဌာနမှူး၊ ရန်ကုန်တက္ကသိုလ်၊ စာ / သုဌာန | ၁၆.၈.၂၀၂၁ |
| ၈။ | ဦးဝင်းတင့် | စာကြည့်တိုက်မှူး (ငြိမ်း)၊ မိတ္ထီလာတက္ကသိုလ် | ၁၆.၁၀.၂၀၂၂ |
| ၉။ | ဒေါ်ဆွေဆွေထွန်း | လက်ထောက်စာကြည့်တိုက်မှူး၊ မန္တလေးတက္ကသိုလ်စာကြည့်တိုက် | ၇.၁.၂၀၂၃ |

MYANMAR LIBRARY ASSOCIATION
# NEWSLETTER

No. 38 February 2023

# ဦးသိန်းရွှေ



မန္တလေးမြို့၊ အနောက်ကျုံးလမ်း၊ ထီးရိုးဝင်း လမ်း ၈ဝ၊ ၁၅ နှင့် ၁၆ ကြား အမှတ် ၁၇၄ ၌ အဖ ထီးရိုးအလုပ်ထောင် ဦးစံညွန့်၊ အမိ ဒေါ်စိမ်းစိမ်းတို့မှ ၁၉၅ဝ၊ ဒီဇင်ဘာ ၈ (မှတ်ပုံတင်၌ ၂၈.၁၁.၅၁) တွင် မွေးဖွားသည်။ မွေးချင်းမှာ အစ်မ တစ်ဦး၊ ညီတစ်ဦး။ အခြေခံပညာရေးကို နေပြည်တော်အထက်တန်းကျောင်း ပြည်သူပိုင်ပြီးနောက် ၁၇ အထက၌ သင်ယူကာ ၁၉၇၁ ၌ ရူပဗေဒဂုဏ်ထူးဖြင့် ၁ဝ တန်းအောင်သည်။ ကျရှုံးတစ်ကြိမ်၊ ခဖြင့် နှစ်ကြိမ်၊ ပေါင်း လေးကြိမ်ဖြေမှ ၁ဝ တန်းအောင်ခြင်း ဖြစ်ပါ၏။ ဓာတုဗေဒအဓိကဖြင့် မန္တလေးတက္ကသိုလ် ညနေသင်တန်း တက်နေစဉ် မောင်သိန်းရွှေသည် မခင်အေးမူနှင့်အတူ ၁၉၇၄၊ ဒီဇင်ဘာ ၇ ၌ အိမ်ထောင်သည်ဘွဲ့ ယူကြသည်။

၁၉၇၂၊ ဇူလိုင် ၁၇ တွင် မန္တလေးတက္ကသိုလ် စာကြည့်တိုက်၌ နေ့စားလပေးအဖြစ် အလုပ်စတာဝင်သည်။ ကန့်ကူလက်လှည့်ဆရာမှာ ဦးမောင်မောင်စိုးရှိန် (၁၉၂၇–၁၉၉၈) ဖြစ်ပါ၏။ နေ့စားဖြင့် တစ်နှစ်ကြာသော် အငယ်တန်းစာရေးဖြစ်လာ၏။ ၁၉၇၇ ၌ သိပ္ပံဘွဲ့ရပြီး ၁၉၇၉ တွင် စာကြည့်တိုက်ပညာ ဒီပလိုမာဝင်ခွင့်ဖြေရာ ကျရှုံးသဖြင့် ၁၉၈၁ တွင် ထပ်ဖြေည်။ ၁၉၈၁–၁၉၈၃ ဒီပလိုမာတန်း (စဉ်–၆) တွင် မျိုးတူစုလုပ်ငန်းနှင့် ကက်တလောက် (လက်တွေ့)တို့၌ ဂုဏ်ထူးဖြင့်အောင်ပါ၏။ ဒီပလိုမာရခြင်းကြောင့် ၁၂ နှစ်ကြာ အငယ်တန်းစာရေးမှ စာကြည့်တိုက် လ/ထ–၁ ဖြစ်လာသည်။ စာလ/ထ–၁ အဖြစ် မြစ်ကြီးနားကောလိပ်နှင့် လုပ်သားများကောလိပ်တို့တွင် ဇူလိုင် ၈၅ မှ အောက်တိုဘာ ၉၂ ထိ၊ စာမှူး ၂ အဖြစ် လုပ်သားများကောလိပ်နှင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တို့တွင် ဇူလိုင် ၉၇ ထိ၊ စာမှူး–၁ အဖြစ် ဒဂုံတက္ကသိုလ်တွင် စက်တင်ဘာ ၉၈ အထိ တာဝန်ထမ်းပါသည်။ စာကြည့်တိုက်ပညာဌာနကို အချိန်ပြည့် စာကြည့်တိုက်နှင့် သုတပညာဌာနအဖြစ် ၁၉၉၈ တွင် တိုးမြှင့်ဖွင့်ခဲ့ရာယင်းသို့ ပြောင်းရွှေ့သည်။ ကထိကအဖြစ် ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တို့တွင် ဧပြီ ၃ ထိ၊ တွဲဖက်ပါမောက္ခအဖြစ် မတ် ၅ အထိ တာဝန်ထမ်းပါ၏။ ပါမောက္ခအဖြစ် ရန်ကုန်တက္ကသိုလ် စာသုဌာနသို့ မတ်လ၌ ပြောင်းရွှေ့ကာနိုဝင်ဘာ၆မှစပြီးဌာနမှူးတာဝန်ဖြင့်သက်ပြည့်အငြိမ်းစားယူသည့် နိုဝင်ဘာ ၂ဝ၁၁ ထိ ဝန်ထမ်းသည်။ အချိန်ပြည့်စာသုဌာနက တိုးချဲ့ဖွင့်သည့်အတန်းသစ်များမှ ၂ဝဝ၁ တွင် မဟာဝိဇ္ဇာ၊ ၂ဝဝ၂ တွင် မဟာသုတေသနဘွဲ့ ရသည်။ ပါရဂူ (ဝါရင့်) တန်းတက်နေစဉ် အကုသိုလ် အစွမ်းကြောင့် ချော်လဲပြီး လက်ကောက်ဝတ်ကျိုးသဖြင့် မြောက်ဥက္ကလာဆေးရုံ တက်ခဲ့ရပါသည်။ အကုသိုလ်တို့ နှစ်နှစ်လည်သည့် အခါသမယတွင် သတိလစ် လဲကျပြန်ရာ ညာဘက်နားအုံကွဲသဖြင့် ဦးနှောက်နှင့် အာရုံကြောဆေးရုံတို့၌ ကျောက်ရုပ်အလား အနားယူရပါသည်။ ဤသို့ဖြင့် မှတ်ဉာဏ်ပုံမှန်အလုပ်မလုပ်တော့၍ အာရုံကြော အနားပေးရန် ပါရဂူတန်း တတိယနှစ် ကျမ်းပြုခြင်းကိုလည်း မတ် ၂ဝ၁၂ ၌ အနားပေးလိုက်သည်။

စာမျက်နှာ ၃၁ သို့